THE BORDER CONSORTIUM

FINANCIAL PROCEDURES MANUAL

ISSUE: January 2024

THE BORDER CONSORTIUM

ဘဏ္ဍာရေးလုပ်ငန်းစဉ်များ လက်စွဲ

ထုတ်ပြန်မှု- ဇန်နဝါရီလ ၂၀၂၃ ခုနှစ်2024

Contents

1 အထွေထွေ •

1.1 PRINCIPLES • အခြေခံမူများ

ဖြန့်ချိ ဇန် ၁၂

This Financial Procedures Manual provides guidance for TBC staff involved in financial transactions on the correct and proper procedures to be followed when conducting transactions of a financial nature or that have a direct bearing on internal accounting control. The Manual is approved by TBC Management and endorsed by the Board of Directors.

Internal accounting control is a series of procedures designed to promote and protect sound management practices, both general and financial. Following internal accounting control procedures will significantly increase the likelihood that:

ဤဘဏ္ဍာရေးလုပ်ငန်းများလက်စွဲစာစောင်သည် TBC ဝန်ထမ်းများအတွက် ငွေကြေးအပေးအယူလုပ်ငန်းများနှင့် ပတ်သက်ရသူများအဖို့ မှန်ကန်စွာနှင့် နည်းလမ်းတကျ ဆောင်ရွက်ရန် လမ်းညွှန်ဖြစ်ပါသည်။ ဤသို့ လုပ်ငန်းများ လုပ်ဆောင် ရာတွင် ငွေကြေးလုပ်ငန်းသဘောသဘာဝနှင့် အဖွဲ့တွင်း စာရင်းထိန်းသိမ်းမှု လုပ်ငန်းများ လိုက်နာရန်တာဝန်ရှိသည်။ ယခုလက်စွဲကို TBC စီမံခန့်ခွဲမှုအဖွဲ့က အတည်ပြုပြီး၊ ဒါရိုက်တာဘုတ်အဖွဲ့က ထပ်မံအတည်ပြုထားပါသည်။

အဖွဲ့တွင်းစာရင်းထိန်းသိမ်းမှု ဆိုသည်မှာ အထွေထွေကိစ္စများနှင့် ငွေကြေးကိစ္စများအတွက် လျော်ကန်သည့် စီမံခန့်ခွဲမှု အလေ့အထများအတွက် ရေးဆွဲထား သည့်၊ ကျင့်သုံးမြဲတိုင်ဆောင်ရွက်သည့် လုပ်ငန်းစဉ်များ ဖြစ်ပါသည်။ အဖွဲ့တွင်း စာရင်း ထိန်းသိမ်းမှုလုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် အောက်ပါကိစ္စ များ သိသာစွာတိုးတက်လာဖွယ် ရှိပါသည်။

- financial information is reliable so that managers and the Board can depend on accurate information to make programmatic and other decisions
- assets and records of TBC are not stolen, misused, or accidentally destroyed
- TBC policies are followed
- donor and government regulations and reporting requirements are satisfied

Central to internal accounting control is the segregation of duties whereby no financial transaction is handled by only one person from beginning to end. The Segregation of Duties Table appended to this Manual provides a quick reference for specific duties assigned in both the Bangkok and Field Offices.

The Manual aims to be simple but authoritative. Each section is prefaced by:

a. a control objective so that users are better able to understand why the procedures in that section need to be followed
b. the main internal control principles that determine the procedures

Each section shows:

- the steps that need to be taken to complete the transaction
- the name of the documents (if applicable) that need to be completed
- the individuals within TBC that are involved at various stages in the transaction and their respective levels of authority
- references to other TBC Manuals that are pertinent to the specific transaction (e.g. Staff Policy Manual, Procurement Manual and Programme Guidelines)

The Manual will be amended and updated as circumstances and/or systems change. Amendments will be approved by the Executive Director and the updates will be reported to the Board.

- ငွေကြေးဆိုင်ရာ သတင်းအချက်အလက်များသည် ယုံကြည်အားထားဖွယ်ရှိ၍ မန်နေဂျာများနှင့် ဘုတ်အဖွဲ့ဝင် များသည် တိကျသည့်သတင်းများကို အခြေခံကာ အစီအစဉ်များ၊ အခြားဆုံးဖြတ်ချက်များ ဆောင်ရွက်နိုင်ကြ သည်။
- TBC အဖွဲ့၏ ပိုင်ဆိုင်မှုများနှင့် မှတ်တမ်းများကို ခိုးယူခြင်း၊ တလွဲအသုံးပြုခြင်း၊ သို့မဟုတ် မတော်တဆဖျက် ဆီးပစ်ခံရခြင်းများ မဆောင်ရွက်နိုင်ပါ။
- TBC ၏ မူဝါဒများကို လိုက်နာဆောင်ရွက်ရာကျသည်။
- အလှူရှင်များနှင့် အစိုးရများ၏ စည်းမျဉ်းများ နှင့် အစီရင်ခံရန် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်သည်။

အဖွဲ့တွင်း စာရင်းထိန်းသိမ်းမှုအတွက် အဓိကကျသည်မှာ တာဝန်များတိကျစွာ ခွဲဝေသတ်မှတ်ပေးခြင်း ဖြစ်၍ ငွေကြေး အပေးအယူ လုပ်ငန်းများကို အစမှအဆုံး တစ်ဦးတည်းက လုပ်ကိုင်ဆောင်ရွက်ခြင်း ဖြစ်သည်။ ဤသို့တာဝန်များခွဲဝေ ခြင်း ဇယားကို ယခုလက်စွဲတွင် ပူးတွဲဖော်ပြထားရာ ဘန်ကောက်နှင့် နယ်ရုံးများ အတွက် တိကျသောတာဝန်တစ်ခုချင်း အတွက် အမြန်သဘောကိုးကားနိုင်ပါသည်။

ယခုလက်စွဲသည် ရိုးရှင်းစွာဖော်ပြထားသော်လည်း အာဏာတည်ပါသည်။ ကဏ္ဍာတစ်ခုချင်းစီကို ကြိုတင် မိတ်ဆက် ဖော်ပြပေးထားသည်။

က။ ထိန်းချုပ်မှု၏ ရည်ရွယ်ချက်- ထိုအခါ အသုံးပြုသူက ယင်းကဏ္ဍပါ လုပ်ငန်းစဉ်များကိုလိုက်နာရန် ကောင်း မွန်စွာ သဘောပေါက်စေနိုင်သည်။
ခ။ အဖွဲ့တွင်း အဓိကကျသည့် ထိန်းချုပ်မှု အခြေခံမူများ -ယင်းက လုပ်ငန်းစဉ်များအပေါ် ဆုံးဖြတ်ပေးသည်။

ကဏ္ဍာတစ်ခုချင်းစီတွင် အောက်ပါတို့ကို ဖော်ပြထားသည်။

- ငွေပေးငွေယူလုပ်ငန်းကို ဆောင်ရွက်ပြီးစီးရန် အဆင့်များ

ဆောင်ရွက်ပြီးစီးရမည့် မှတ်တမ်း၏အမည် (လိုအပ်ပါက)

- TBC အဖွဲ့တွင်း ငွေပေးငွေယူလုပ်ငန်း အဆင့်များတွင် ပါဝင်ပတ်သက်ရမည့်သူ နှင့် သူတို့၏ အာဏာပိုင်မှု အဆင့်
- TBC အဖွဲ့၏အခြားသော လက်စွဲများကို ကိုးကားမှု-ယင်းမှာ တိကျသည့် အခြားငွေပေးငွေယူမှုများ နှင့် သက်ဆိုင်သည်။ (ဥပမာ- ဝန်ထမ်းမူဝါဒ လက်စွဲ၊ ပစ္စည်းဝယ်ယူမှု လက်စွဲနှင့် အစီအစဉ် လမ်းညွှန်ချက်များ)
- ယခုလက်စွဲကို အခြေအနေလိုအပ်ချက်အရ/စနစ်ပြောင်းလဲမှုအရ ဖြည့်စွက်၊ ကိုက်ညီအောင် ပြင်ဆင်ပါမည်။ ဖြည့်စွက် ပြင်ဆင်မှုများကို အမှုဆောင်ဒါရိုက်တာက အတည်ပြုပြီး၊ ဘုတ်အဖွဲ့သို့ အသစ်ပြင်ဆင်ချက်ကို အစီရင်ခံတင်ပြမည်။

1.2 ABBREVIATIONS • အတိုကောက်ဝေါဟာရများ

ဖြန့်ချိ ဇန် ၂၀

အထွေထွေ	အတိုကောက်များ

The Border Consortium	TBC	နယ်စပ်တလျှောက်ကူညီစောင့်ရှောက်ရေး ညွှန့်ပေါင်းအဖွဲ့ကြီး (TBC)
Board of Directors	Board	ဒါရိုက်တာဘုတ်အဖွဲ့
Authorised Cheque Signatories	Chq Sig	ချက်လက်မှတ်ရေးထိုးရန် အာဏာပေးထားသူများ
Bangkok Head Office	HO	ဘန်ကောက် ဌာနချုပ်ရုံး
Field Office	FO	နယ်ရုံးများ
Bangkok Finance (FD, SFM. Fin Ofr, Acc Ofr)	BKK Finance	ဘန်ကောက် ဘဏ္ဍာရေးဌာန (FD, SFM. Fin Ofr, Acc Ofr)
QuickBooks purchasing and accounting software system	QB	QuickBooks ဝယ်ယူမှုနှင့် စာရင်းကိုင် ဆော့ဝဲယားစနစ်
Employee's immediate direct supervisor or manager	Supervisor	ဝန်ထမ်းများ၏ တိုက်ရိုက်အနီးကပ် ကြီးကြပ်သူ သို့မဟုတ် မန်နေဂျာ
Appropriate approval authority for purchase orders and expenses	Authority	ဝယ်ယူရန် ညွှန်ကြားမှုများနှင့် အသုံးစရိတ်များအတွက် သင့်လျော်သော အာဏာပေးမှု
Management (ED, FD, TPD, MPD)	Management	စီမံခန့်ခွဲမှုအဖွဲ့ (ED, FD, TPD, MPD)
Human Resources	HR	လူသားအရင်းအမြစ်
Custodian of petty cash	Custodian	အသေးသုံးငွေ ထိန်းသိမ်းစောင့်ရှောက်သူ
Programme Specialist (HR&Admin Spl, FSN Spl, PM Spl, SCS Spl)	Prog Spl	အစီအစဉ် ကျွမ်းကျင်သူ (HR&Admin Spl, FSN Spl, PM Spl, SCS Spl)
Managers (Part. Coor, CMP Mgr, CCB Mgr, SFM, FM, Str Mgr, MP Mgr, MF Mgr, G Mgr)	Mgr	မန်နေဂျာများ (Part. Coor, CMP Mgr, CCB Mgr, SFM, FM, Str Mgr, MP Mgr, MF Mgr, G Mgr)
Senior Management Team	SMT	အဆင့်မြင့်စီမံ ခန့်ခွဲမှုအဖွဲ့
Food Card System	FCS	ရိက္ခာကဒ်စနစ်

Bangkok Head Office (HO) ဘန်ကောက်ဌာနချုပ်ရုံး (HO)		
အလုပ်ရာထူးတာဝန်	အတိုကောက်များ	
Executive Director	ED	အမှုဆောင် ဒါရိုက်တာ
Finance Director	FD	ဘဏ္ဍာရေး ဒါရိုက်တာ
Senior Finance Manager	SFM	အဆင့်မြင့် ဘဏ္ဍာရေး မန်နေဂျာ
Human Resources and Admin Specialist	HR&Adm Spl	လူသားအရင်းအမြစ်အုပ်ချုပ်ကျွမ်းကျင်
Programme Management Specialist	PM Spl	အစီအစဉ်စီမံခန့်ခွဲမှု ကျွမ်းကျင်သူ
Grants Manager	G Mgr	ဂရန့် မန်နေဂျာ
Sub Grants Accountant	SGA	ဆပ်ဂရန့်များ စာရင်းကိုင်
Finance Officer	Fin Ofr	ဘဏ္ဍာရေး အရာရှိ
Accounting Officer	Acc Ofr	စာရင်းကိုင် အရာရှိ
Human Resources and Admin Officer	HR&Adm Ofr	လူသားရင်းမြစ်နှင့် အုပ်ချုပ်ရေး အရာရှိ
Human Resources and Admin Assistant	HR&Adm Asst	ผู้ช่วยเจ้าหน้าที่ฝ่ายบุคคลและธุรการ
IT Field Lead Officer	IT FO	IT ကွင်းဆင်းဦးဆောင်အရာရှိ

Myanmar Programme Office မြန်မာအစီအစဉ် ရုံး		
အလုပ်ရာထူးတာဝန်	အတိုကောက်များ	
Myanmar Programme Director	MPD	မြန်မာအစီအစဉ် ဒါရိုက်တာ
Myanmar Programme Manager	MP Mgr	မြန်မာအစီအစဉ် မန်နေဂျာ
Partnerships Coordinator	Part Coor	မိတ်ဖက်အဖွဲ့အစည်းများ ညှိနှိုင်းရေးမှူး
Finance Manager	FM	ဘဏ္ဍာရေး မန်နေဂျာ
Myanmar Field Manager	MF Mgr	မြန်မာနိုင်ငံ ကွင်းဆင်း မန်နေဂျာ
Administration Manager (YGN)	Adm Mgr	အုပ်ချုပ်ရေး မန်နေဂျာ (YGN)
Field Administrator	Fld Adm	ကွင်းဆင်း အုပ်ချုပ်ရေးမှူး
Field Accountant	Fld AC	ကွင်းဆင်း စာရင်းကိုင်
Field Administration Assistant	Fld Adm Asst	ကွင်းဆင်း အုပ်ချုပ်ရေးလက်ထောက်
Logistics Officer	Log Ofr	ထောက်/ပို့စီမံ အရာရှိ

Thailand Programme Office ထိုင်းနိုင်ငံ အစီအစဉ်ရုံး

အလုပ်ရာထူးတာဝန်	အတိုကောက်များ	
Thailand Programme Director	TPD	ထိုင်းနိုင်ငံ အစီအစဉ် ဒါရိုက်တာ အစီအစဉ် ဒါရိုက်တာ
Field Coordinator	FC	ကွင်းဆင်းညှိနှိုင်းရေးမှူး
Food Security & Nutrition Specialist	FSN Spl	စားနပ်ရိက္ခာ လုံခြုံရေးနှင့် အာဟာရ ကျွမ်းကျင်သူ
Supply Chain Solution Specialist	SCS Spl	ထောက်ပံ့ရေးကွင်းဆက် အဖြေရှာမှု ကျွမ်းကျင်သူ
Shelter & Settlement Programme Manager	Str Mgr	အမိုးအကာနှင့် အခြေချမှု အစီအစဉ် မန်နေဂျာ
Community Management & Participation Programme Manager	CMPP Mgr	ရပ်ရွာစီမံမှု နှင့် ပါဝင်ဆောင်ရွက်မှု အစီအစဉ် မန်နေဂျာ
Community Capacity Building Manager	CCB Mgr	ရပ်ရွာ အရည်အသွေးမြှင့်တင်ရေး မန်နေဂျာ
Food Security & Nutrition Officer	FSNO	စားနပ်ရိက္ခာလုံခြုံရေး နှင့် အာဟာရ အရာရှိ
Field Operations Officer	FOO	ကွင်းဆင်း လုပ်ငန်းများ အရာရှိ
Field Officers	Fld Ofr	ကွင်းဆင်းအရာရှိများ
Field Data Officer	FDO	ကွင်းဆင်းဒေတာ အရာရှိ
Vehicle Logistician	VL	ယာဉ်များ ထောက်ပို့တာဝန်ခံ

1.3 APPROVAL AUTHORITIES • ခွင့်ပြုချက်ပေးနိုင်သော အာဏာပိုင်များ

ထုတ်ပြန်မှု ၈နှ ၂၀

CONTROL OBJECTIVE: **To ensure that commitments and payments are controlled within the approved budget and that assets are protected within a framework that allows the staff to carry out the TBC programme.**

ထိန်းချုပ်မှု ရည်ရွယ်ချက် - ကတိကဝတ်များနှင့် ပေးချေမှုများသည် အတည်ပြုထားသော ဘတ်ဂျက်တွင်း သေချာဖြစ်စေရန် နှင့် ပိုင်ဆိုင်မှုများကို ခွင့်ပြုထားသည့်အခြေခံ မူဘောင်အတွင်း ကာကွယ်မှုရှိစေရန်။ ထိုအခါ ဝန်ထမ်း များကို TBC ၏ အစီအစဉ်အတိုင်း ဆောင်ရွက်နိုင်ရန်။

PRINCIPLES:

a. Expenditure is controlled within budget and according to policies

b. Limited funding is distributed according to priorities.

အခြေခံမူများ

(က) အသုံးစရိတ်များကို ဘတ်ဂျက်အတွင်းနှင့် မူဝါဒများအရ ထိန်းချုပ်ရန်

(ခ) ဦးစားပေးလုပ်ငန်းများအတိုင်း ကန့်သတ်ထားသည့် ရန်ပုံငွေကို ခွဲဝေချပေးရန်

AUTHORITY FOR	APPOINTED BY	APPROVAL	
▪ Cheque signatories: ⑩ Head Office: 2 (two) from the current list approved by the Management Team: ED, TPD, FD and SFM. ⑩ Field Offices: 1 (one) from: FC, TPD, TPD or ED **plus** 1 (one) from: FO Ofr or Fld Adm ⑩ YGN: MP Mgr and Adm Mgr . (All accounts in TBC name)	TBC DIRECTOR	Board	▪ ချက်လက်မှတ် ရေးထိုးခွင့်ရှိသူများ ⑩ ဌာနချုပ်ရုံး- ၂ (နှစ်) လက်ရှိစီမံအဖွဲ့မှ လက်ရှိအတည်ပြုထားသူစာရင်းမှ - ED, TPD, FD နှင့် SFM. ⑩ နယ်ရုံးများ- ၁ (တစ်) FC, TPD, TPD မှ သို့မဟုတ် ED **plus** ၁ (တစ်) FO Ofr သို့မဟုတ် Fld Adm မှ ⑩ ရန်ကုန်၊ GN: MP မန်နေဂျာနှင့် အုပ်ချုပ်မန်နေဂျာ (TBC အမည်ဖြင့် အကောင့်များ အားလုံး)
▪ Endorsement of bank drafts and cheques received		Chq Sig	ရရှိလာသည့် bank drafts များနှင့် ချက်များအပေါ် အတည်ပြုပေးမှု
▪ Monthly bank transfers		ED	လစဉ် ဘဏ်လွှဲပြောင်းမှုများ (transfers)
▪ Bank reconciliations		SFM, FM	ဘဏ်တွင်း ငွေစာရင်းညှိနှိုင်းမှုများ SFM, FM
	PURCHASE APPROVAL	**CLEARED FOR PAYMENT**	
▪ Payroll & Provident Fund	ED	FD	လစာငွေ နှင့် နောင်ရေးရန်ပုံငွေ (Provident Fund)
▪ Fixed Assets and Equipment – purchase approval within approved budget: ⑩ under THB 10,000 or MMK 350,000 ⑩ under THB 60,000 or MMK 2M ⑩ over THB 60,000 or MMK 2M	FC/Prog Spl/Prog Mg/MP Mgr/MF Mgr Management ED or during absence Management	FC/Prog Spl, Mgr. FC/Prog Spl, Mgr FC/Prog Spl, Mgr	▪ မရွှေ့ပြောင်းနိုင်သည့်ပိုင်ဆိုင်မှု နှင့် ပစ္စည်းများ – အတည်ပြုထားသည့်ဘတ်ဂျက်အတွင်းမှ ဝယ်ယူခွင့် ခွင့်ပြုမှု ⑩ ထိုင်းဘတ် 10,000 အောက်/သို့မဟုတ် မြန်မာကျပ် 350,000 ⑩ ထိုင်းဘတ် 60,000 အောက်/သို့မဟုတ် မြန်မာကျပ် 2M ⑩ ထိုင်းဘတ် 60,000 အထက်/သို့မဟုတ် မြန်မာကျပ် 2M
▪ Fixed Assets and Equipment Disposals (original cost): ⑩ original cost under THB 10,000 or MMK 350,000 ⑩ original cost under THB 60,000 or MMK 2M ⑩ original cost over THB 60,000 or MMK 2M	Management FD ED		▪ မရွှေ့ပြောင်းနိုင်သော ပိုင်ဆိုင်မှုနှင့် ကိရိယာများစွန့်ခြင်း (မူလကုန်ကျစရိတ်)- ⑩ မူလကုန်ကျစရိတ် ထိုင်းဘတ် 10,000 အောက်/သို့မဟုတ် မြန်မာကျပ် 350,000 ⑩ မူလကုန်ကျစရိတ် ထိုင်းဘတ် 60,000 အောက်/သို့မဟုတ် မြန်မာကျပ် 2M မူလကုန်ကျစရိတ် 60,000 အထက်/သို့မဟုတ် မြန်မာကျပ် 2M

■ Programme and Operating supplies and expenses:		▪ အစီအစဉ်နှင့် လုပ်ငန်း ထောက်ပံ့မှုများ၊ အသုံးစရိတ်များ
⑩ Purchase Contract (Supplies and Services)	ED	FC/Prog Spl/Mgr
⑩ Non-Contract Purchase Approval:		
- Under THB 60,000 or MMK 2M	FC/Prog Spl, Mgr	FC/Prog Spl/Mgr
- THB 60,000 – THB 600,000 or MMK 2M – 20M	SMT	"
- Over THB 600,000 or over MMK 20M	ED	"
In ED Absence		
Provided Approval has been obtained on the Purchase Request, a P.O. can be signed by	FC/SCS Spl, Mgr	
		⑩ ဝယ်ယူမှု စာချုပ်ခြင်း (ထောက်ပံ့မှုများနှင့် ဝန်ဆောင်မှုများ)
		⑩ စာချုပ်ချုပ်ဆိုမှုမဟုတ်သည့် ဝယ်ယူမှုအပေါ် အတည်ပြုမှု
		- ထိုင်းဘတ် 60,000 အောက်/သို့မဟုတ် မြန်မာကျပ် 2M
		- ထိုင်းဘတ် 60,000 – ထိုင်းဘတ် 600,000 သို့မဟုတ် မြန်မာကျပ် 2M – 20M
		- ထိုင်းဘတ် 600,000 ကျော်/သို့မဟုတ် မြန်မာကျပ် 20M
		ED မရှိသည့်ကာလတွင်
		ဝယ်ယူရန် တောင်းဆိုမှုတွင် အတည်ပြုမှုရယူရမည်။ P.O. ကို တစ်ဦးမှ လက်မှတ်ရေးထိုးနိုင်သည်။
■ Sub-grants	ED	Management
		ဆပ်ဂရန့်များ (Sub-grants)
■ Reimbursement to partner agencies	Management	Prog Spl, Mgr
		မိတ်ဖက်အဖွဲ့အစည်း/အေဂျင်စီများသို့ ပြန်လည်ထုတ်ပေးငွေများ
■ Emergency Relief Programme & Rehabilitation Programme		
⑩ within annual budget up to THB 10M per month		MPD
⑩ within annual budget over THB 10M per month		ED
		▪ အရေးပေါ်ကယ်ဆယ်မှု အစီအစဉ် နှင့် ပြန်လည်ထူထောင်ရေး အစီအစဉ်
		⑩ နှစ်စဉ် ဘတ်ဂျက်အတွင်း ထိုင်းဘတ် တစ်လလျှင် 10M အထိ
		⑩ နှစ်စဉ်ဘတ်ဂျက်အတွင်း ထိုင်းဘတ် တစ်လလျှင် THB 10M ကျော်
■ Travel, food, accommodation, other expense claims and time sheets		
⑩ within limits in Staff Policy Manual		Supervisor
⑩ ED expenses		TBC DIRECTOR
⑩ exceeding policy limits		ED
⑩ ED exceeding policy limits		Board
		▪ ခရီး၊ အစားအသောက်၊ နေထိုင်စရိတ် နှင့် အခြားအသုံးစရိတ် တောင်းဆိုမှုများနှင့် အချိန်ဇယားများ
		⑩ ဝန်ထမ်း လက်စွဲပါ ကန့်သတ်ချက်များအတိုင်း
		⑩ ED အသုံးစရိတ်များ
		⑩ မူဝါဒ ကန့်သတ်ချက် ကျော်နေသည်များ
		⑩ ED မူဝါဒ ကန့်သတ်ချက်ကျော်နေသည်များ
■ Staff Advances (long-term advance)		▪ ဝန်ထမ်း ကြိုတင်ထုတ်ငွေများ (ရေရှည်ကြိုတင်ထုတ်ငွေ)
⑩ up to THB 30,000		FD ▪ ထိုင်းဘတ် 30,000 အထိ
■ Temporary advance for travel (clear back within 30 days):		▪ ခရီးသွားလာမှု ယာယီကြိုတင်ထုတ်ငွေ (ရက် ၃၀ အတွင်း ပြန်လည်ရှင်းလင်းရမည်)
⑩ up to MMK 500,000		MP Mgr
⑩ up to THB 60,000		FC/Prog Spl/Mgr
⑩ under THB 200,000		TBC DIRECTOR
⑩ over THB 200,000		FD
		⑩ မြန်မာကျပ် 500,000 အထိ
		⑩ ထိုင်းဘတ် 60,000 အထိ
		⑩ ထိုင်းဘတ် 200,000 အောက်
		⑩ ထိုင်းဘတ် 200,000 အထက်
■ Deposit Payments		▪ ငွေသွင်းအပ်နှံရန် ပေးချေမှုများ (Deposit Payments)
⑩ up to THB 60,000		FC/Prog Spl/Mgr
⑩ over THB 60,000		FD or
		TBC DIRECTOR
		⑩ ထိုင်းဘတ် 60,000 အထိ
		⑩ ထိုင်းဘတ် 60,000 ကျော်

■ Bank Payments		■ ဘဏ်ပေးချေမှုများ (Bank Payments)
⑩ Head Office	Signatory	⑩ ဌာနချုပ်ရုံး
⑩ Field Office	Signatory	⑩ နယ်ရုံး

▪ Petty Cash Payments ⑩ under THB 2,000 ⑩ THB 2,000 – THB 10,000 ⑩ over THB 10,000 or MMK 100,000 (YGN) use bank payment	Cash Custodian Supervisor, MP Mgr Signatory	▪ အသေးသုံးငွေ ပေးချေမှုများ ⑩ ထိုင်းဘတ် 2,000 အောက် ⑩ ထိုင်းဘတ် 2,000 – ထိုင်းဘတ် 10,000 ⑩ ထိုင်းဘတ် 10,000 ကျော်/သို့မဟုတ် မြန်မာကျပ် 100,000 (ရန်ကုန်) ဘဏ်ပေးချေမှုကို သုံးပါ
▪ Petty cash amounts are set based on the estimated requirements of each office within the limits outlined below: ⑩ HO Bangkok: THB 50,000 ⑩ Field Office Thailand: THB 20,000 ⑩ YGN office: MMK 500,000 ⑩ Field Office Myanmar: MMK 350,000	FD	▪ အောက်တွင်ဖော်ပြထားသည့် ခွင့်ပြုချက်အရ ခန့်မှန်းလိုအပ်မှုများအပေါ် အသေးသုံးငွေ ကို သတ်မှတ်သည်။ ⑩ ဌာနချုပ်ရုံး ဘန်ကောက် -ထိုင်းဘတ် 50,000 ⑩ ထိုင်းနိုင်ငံ နယ်ရုံး -ထိုင်းဘတ် 20,000 ⑩ ရန်ကုန်ရုံး- မြန်မာကျပ် 500,000 ⑩ မြန်မာ နယ်ရုံး- မြန်မာကျပ် 350,000
DEPUTIES ▪ In the day-to-day absence of an authorised signatory, the signatory's supervisor or the supervisor's supervisor may approve. ▪ During extended leave of an authorised signatory, a deputy can be appointed as follows: ⑩ FC may nominate FO Ofr and/or Prog Spl ⑩ ED may nominate other director(s) ⑩ Management may nominate another manager		**လက်ထောက်များ (DEPUTIES)** ▪ အာဏာပိုင်ခွင့် ပေးထားသူ လက်မှတ်ထိုးရမည့်သူက နေ့စဉ်လုပ်ငန်းတွင် မရှိနေပါက၊ လက်မှတ်ရေးထိုးသူ၏ ကြီးကြပ်ရေးမှူး သို့မဟုတ် ကြီးကြပ်ရေးမှူး၏ ကြီးကြပ်ရေးမှူး က အတည်ပြုနိုင်သည်။ ▪ အာဏာပိုင်ခွင့် ပေးထားသူ လက်မှတ်ထိုးရမည့်သူက ရက်ရှည်ခွင့်ယူထားသည့်ကာလ တွင် အောက်ပါလက်ထောက်တစ်ဦးကို ခန့်အပ်နိုင်သည်။ ⑩ FC က FO Ofr နှင့်/သို့မဟုတ် Prog Spl ကို နာမည်တင်သွင်းနိုင်သည်။ ⑩ ED က အခြားဒါရိုက်တာ (များ) ကို နာမည်တင်သွင်းနိုင်သည်။ ⑩ စီမံခန့်ခွဲမှုအဖွဲ့က အခြားမန်နေဂျာကို အမည်တင်သွင်းနိုင်သည်။

2 RECEIPTS • ငွေလက်ခံဖြတ်ပိုင်းများ

ထုတ်ပြန်မှု-မေ ၅

CONTROL OBJECTIVE: **To ensure that cash and cheques received are adequately safeguarded, properly authorised and recorded and that cash balances are maintained at minimum levels necessary to meet budgeted expenditures.**

ထိန်းချုပ်မှု ရည်ရွယ်ချက်- လက်ခံရရှိသော ငွေသားနှင့် ချက်များကို လုံခြုံစွာ ထိန်းသိမ်းရန်၊ သင့်လျော်စွာ ခွင့်ပြုချက်ပေး၍ မှတ်တမ်းတင်ရန်။ ငွေသားစရင်းကို ဘတ်ဂျက်အသုံးစရိတ်များအတိုင်း လိုအပ်ပါက အနည်းဆုံးအဆင့်အထိ ထိန်းသိမ်းထားနိုင်ရန်။

PRINCIPLES:

a. Receipts must be promptly banked on the next scheduled banking day.
b. Cheques and cash not banked on the day that it is received will be kept in a safe or locked cash box.
c. Segregation of duties must be applied between banking and the recording of receipts.
d. All cheques/drafts received must be endorsed by two authorised signatories.
e. Cash receipts must be banked intact and not offset against other petty cash expenses.
f. Presentations by TBC staff for which a fee will be obtained require clearance and approval of the Executive Director.
g. Reimbursements from partner NGOs for supplies purchased on their behalf by TBC must be properly allocated against a prior invoice.

အခြေခံမူများ

a. ဖြတ်ပိုင်းများကို လာမည့်ဘဏ်ဖွင့်မည့်ရက်တွင် ချက်ချင်း သွင်းရမည်။
b. ချက်များနှင့် ငွေသားများကို ယင်းရရှိသည့်နေ့တွင် ဘဏ်သို့မသွင်းနိုင်ပါက ယင်းတို့ကို မီးခံသေတ္တာ သို့မဟုတ် သော့ခတ်ထားသည့် ငွေသားသေတ္တာကို သိမ်းဆည်းရမည်။
c. ဘဏ်သွင်းသည့်လုပ်ငန်းနှင့် ဖြတ်ပိုင်းသိမ်းဆည်းမှုတို့ ဆောင်ရွက်ရာတွင် တာဝန် ခွဲဝေမှုအတိုင်း သေချာ ဆောင်ရွက်ရမည်။
d. ရရှိသည့် ချက်အားလုံး/drafts အားလုံးကို လက်မှတ်ရေးထိုးခွင့်ရှိသူ အာဏာပိုင် ၂ ဦးက အတည်ပြုရမည်။
e. ငွေသားဖြတ်ပိုင်း (Cash receipts) ကို ယင်းအတိုင်း ဘဏ်သို့သွင်းရမည်။ အခြားသော အသေးသုံးငွေများဖြင့် ရောနှော စာရင်းလုပ်ခြင်း မပြုရ။
f. TBC ဝန်ထမ်းတစ်ဦးက ကုန်ကျစရိတ်များဖြင့် တင်ပြလာမှုများကို ရှင်းလင်း၍ TBC အမှုဆောင် ဒါရိုက်တာက အတည်ပြုပေးရမည်။
g. သူတို့ကိုယ်စား ထောက်ပံ့မှု ဝယ်ယူထားမှုအတွက် မိတ်ဖက်အဲန်ဂျီအိုများထံမှ ပြန်လည် ပေးဆောင်လာသည့်ငွေပြန်အမ်းမှုများကို TBC က ယခင် Invoice ဖြတ်ပိုင်းများအတိုင်း စနစ်တကျ ခွဲဝေသိမ်း ထားရမည်။

2.1 FOREIGN CURRENCY BANK DRAFTS/CHEQUES • နိုင်ငံခြားငွေဖြင့် BANK DRAFTS/ ချက်များ

ထုတ်ပြန်မှု-ဇန် ၂၀

WHEN APPLICABLE: TBC receives international bank drafts/cheques in the mail at HO from donors in a currency other than Thai Baht.

အသုံးဝင်ပါက

TBC အဖွဲ့က ဌာနချုပ်ရုံးတွင် အလှူရှင်များထံမှ နိုင်ငံတကာငွေလွှဲ bank drafts/ ချက်များ ထိုင်းဘတ်ငွေမှလွဲ၍ အခြားငွေများဖြင့် စာတိုက်မှ လက်ခံရရှိနိုင်သည်။

PROCEDURES	RESPONSIBILITY	လုပ်ငန်းစဉ်များ
1. ED will open and hand the cheque to SFM on the same day it is received who, in turn, hands the cheque to the Fin Ofr.	ED SFM	၁။ ED က ချက်ကိုဖွင့်၍ SFM ထံ ယင်းနေ့တွင်ပင် လွှဲပြောင်းပေးမည်။ ယင်းကိုလက်ခံရရှိသူက တဖန် Fin Ofr ထံ ယင်းချက်ကို လွှဲပြောင်းပေးရမည်။
2. Fin Ofr completes a bank deposit slip.	Fin Ofr	၂။ Fin Ofr က ဘဏ်သို့ပေးသွင်းမှု ဖြတ်ပိုင်း (bank deposit slip) ကို ဖြည့်သွင်းရမည်။
3. Two authorised TBC signatories endorse on the reverse of the cheque and on the bank deposit slip.	Chq Sig	၃။ အာဏာပိုင်သည့် TBC လက်မှတ်ရေးထိုးသူ ၂ ဦးက ချက်၏နောက်ကျော်မျက်နှာတွင် နှင့် (bank deposit slip) ဘဏ်ငွေသွင်းမှုဖြတ်ပိုင်းတွင် အတည်ပြုပေးရမည်။
4. Fin Ofr locks the cheque in the safe and then deposits the cheque on the nearest scheduled banking day (Tuesday and Friday).	Fin Ofr Fin Ofr	၄။ Fin Ofr က ချက်ကို မီးခံသေတ္တာတွင် သော့ခတ်သိမ်းဆည်းရမည်။ ထို့နောက် အနီးစပ်ဆုံး ဘဏ်ဖွင့်ရက်တွင် ချက်ကို ငွေထည့်သွင်းရမည်။ (အင်္ဂါနေ့ နှင့် သောကြာနေ့)

5.	Fin Ofr obtains a bank advice for the exchange value in THB for amounts under THB 30,000 and in foreign currency for amounts over THB 30,000 when clearance may take time and files the advice of exchange value in a temporary receipt file.	Fin Ofr	၅။ Fin Ofr က ထိုင်းဘတ် ငွေလဲလှယ်နှုန်းနှင့် ပတ်သက်၍ ဘဏ်ထံမှအကြံရယူ၍ ထိုင်းဘတ် 30,000 အောက် နှင့် ထိုင်းဘတ် 30,000 ရှိ နိုင်ငံခြားငွေကို၊ ငွေရှင်းလင်းမှု အချိန်ယူရမည်ဆိုလျှင် ငွေလဲလှယ်နှုန်း အကြံပြုချက်ကို ယာယီငွေလက်ခံဖြတ်ပိုင်းအဖြစ် ဖိုင်တွဲထားရှိရမည်။
6.	On cheque clearance, Fin Ofr obtains the final advice on the exchange value from the bank.	SFM	၆။ ချက်ငွေ ရှင်းလင်းမှုတွင် Fin Ofr က ငွေလဲလှယ်မှုနှင့် ဘဏ်၏နောက်ဆုံးအကြံပေးချက်ကို ရယူရမည်။
7.	SFM posts the final exchange amount to General Ledger in QB and generates a Receipt from QB.	Fin Ofr	၇။ SFM က နောက်ဆုံးငွေလဲလှယ်ထားသည့် ပမာဏကို QB အထွေထွေလယ်ဂျာတွင် ထည့်သွင်း၍ QB ထံမှ ဖြတ်ပိုင်းထုတ်ယူရမည်။
8.	Fin Ofr mails the receipt to the donor.	Fin Ofr	၈။ Fin Ofr က ယင်းဖြတ်ပိုင်းကို အလှူရှင်ထံ စာပို့ပေးရမည်။
9.	Fin Ofr checks the receipt against the bank statement.		၉။ Fin Ofr က ယင်းဖြတ်ပိုင်းကို ဘဏ်စရင်းဖော်ပြချက်နှင့် တိုက်ဆိုင်စစ်ဆေးရမည်။

2.2 DIRECT BANK TRANSFERS • တိုက်ရိုက်ဘဏ် ငွေလွှဲပြောင်းမှုများ

ထုတ်ပြန်မှု-ဇန် ၂၀

WHEN APPLICABLE: TBC receives funds from donors in a currency other than THB directly into the TBC bank account, which is then converted into THB, and the receipt of funds is processed in HO.

အသုံးဝင်ပါက
TBC အဖွဲ့က အလှူရှင်များထံမှ ထိုင်းဘတ်မှလွဲ၍ အခြားငွေကြေးဖြင့် TBC ၏ ဘဏ်စရင်း ထဲသို့ တိုက်ရိုက်လွှဲပေးမှုများ ရရှိတတ်သည်။ ယင်းကို ထိုင်းဘတ်ငွေအဖြစ်ပြောင်း၍ ထည့် ရမည်။ ရန်ပုံငွေ ရရှိမှုငွေဖြတ်ပိုင်းကို ဌာနချုပ်သို့ ပို့ပေးရမည်။

PROCEDURES	RESPONSIBILITY	လုပ်ငန်းစဉ်များ
1. ED or FD receives the advice from the donor of a direct bank transfer OR the bank advises SFM by phone of the receipt of funds.	ED/FD/SFM	၁။ ED သို့မဟုတ် FD က အလှူရှင်ထံမှ တိုက်ရိုက်ဘဏ်ငွေ လွှဲပြောင်းမှုအတွက် အကြံပြုချက်ကို ရယူ၍ သို့ မဟုတ် ဘဏ်က SFM နှင့် ပတ်သက်၍ အကြံပြုချက်ကို ဖုန်းဖြင့် ရန်ပုံငွေလက်ခံရရှိကြောင်း ရယူရမည်။
2. SFM obtains the exchange rate in THB from the bank.	SFM	၂။ SFM က ဘဏ်ထံမှ ထိုင်းဘတ်နှင့် ငွေလဲလှယ်နှုန်းကို ရယူရမည်။
3. Once the bank notifies that the funds are cleared and in the account, SFM informs FD and Fin Ofr.	SFM	၃။ ဘဏ်က ရန်ပုံငွေနှင့်ပတ်သက်၍ ငွေရှင်းပြီးကြောင်း၊ စာရင်းသွင်းပြီးဖြစ်ကြောင်း အကြောင်းကြားပါက၊ SFM က FD နှင့် Fin Ofr ထံ အသိပေးရမည်။
4. Fin Ofr is responsible for: a. posting the exchange amount to General Ledger in QB within 24 hours of the conversion and generating a receipt from QB b. mailing the receipt to the donor or confirming electronically c. checking the receipt against the bank statement	Fin Ofr	၄။ Fin Ofr သည် အောက်ပါအတွက် တာဝန်ရှိသည်။ a. ငွေလဲလှယ်မှု ပမာဏကို အထွေထွေလယ်ဂျာ QB သို့ ငွေလဲလှယ်ပြီး၊ ၂၄ နာရီအတွင်း ထည့်သွင်း၍ QB ဖြတ်ပိုင်းထုတ်ယူခြင်း။ b. ဖြတ်ပိုင်းကို အလှူရှင်ထံ စာပို့ပေးခြင်း သို့မဟုတ် အီလက်ထရွန်နစ်နည်းဖြင့် အတည်ပြုပေးခြင်း c. ဖြတ်ပိုင်းကို ဘဏ်စရင်းဖော်ပြချက် (bank statement) နှင့် တိုက်ဆိုင်စစ်ဆေးခြင်း

2.3 CHEQUES LOCAL CURRENCY • ပြည်တွင်းသုံးငွေ ချက်များ

ထုတ်ပြန်မှု-ဇန် ၂၀

When Applicable: TBC receives cheques in THB either at HO or FO from:

- donations
- reimbursements from partner agencies
- reimbursements from other people where TBC may have paid for expenses on their behalf

အသုံးဝင်ပါက

TBC အဖွဲ့က ထိုင်းဘတ်ဖြင့် ချက်ကို ငွာနချုပ် သို့မဟုတ် နယ်ရုံးများတွင် ရရှိသည်။

- အလှူငွေများ
- မိတ်ဖက်အဖွဲ့အစည်းများမှ ပြန်အမ်းငွေများ
- TBC အဖွဲ့က သူတို့ကိုယ်စားပေးချေထားမှုများအပေါ် အခြားသူများက ပြန်ပေးငွေများ

Procedures	Responsibility	လုပ်ငန်းစဉ်များ
1. SFM receives the cheque by mail or from a staff member.	SFM	၁။ SFM က ချက်ကိုစာတိုက်မှ သို့မဟုတ် ဝန်ထမ်းတစ်ဦးထံမှ လက်ခံရရှိသည်။
2. Fld Adm (FO) or Fin Ofr (HO) posts the receipt to QB and prints a QB receipt.	Fld Adm/Fin Ofr	၂။ Fld Adm (FO) သို့မဟုတ် Fin Ofr (HO) က QB တွင် ဖြတ်ပိုင်းကိုတင်သွင်း၍ QB ဖြတ်ပိုင်းကို ပရင့်ထုတ် ယူရမည်။
3. In the case of reimbursements from partner agencies and others for expenses initially paid by TBC on their behalf, Fld Adm (FO) or Fin Ofr (HO) credits the reimbursement to the relevant suspense or expense code.	Fin Ofr/Fld Adm.	၃။ မိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားထံမှ TBC က မူလက ကျခံစိုက်သုံးငွေပြန်အမ်းမှုဆိုပါက Fld Adm (FO) သို့မဟုတ် Fin Ofr (HO) က ပြန်အမ်းငွေကို သက်ဆိုင်ရာဆိုင်းငံ့ suspense သို့မဟုတ် အသုံးစရိတ် expense code ထဲသို့ ပြန်ထည့်သွင်းရမည်။
4. Fin Of (HO) or Fld Adm (FO) is responsible for:	Fin Ofr/Fld Adm	၄။ Fin Of (HO) သို့မဟုတ် Fld Adm (FO) သည် အောက်ပါအတွက်တာဝန်ရှိသည်။
a. locking the cheque in the safe until completing the bank deposit slip and depositing the cheque into the TBC bank account on the nearest scheduled banking day (Tuesday or Friday)		က။ ချက်ကို လုံခြုံစွာ ဘဏ်ငွေသွင်းဖြတ်ပိုင်း (bank deposit slip) ရသည်အထိ၊ နီးစပ်ရာ ဘဏ်ဖွင့်ရက် တွင် TBC ဘဏ်အကောင့်သို့ ငွေသွင်းပြီးချိန်အထိ သော့ခတ်သိမ်းဆည်းထားခြင်း (အင်္ဂါ သို့မဟုတ် သောကြာ)
b. mailing the QB receipt to the payer		ခ။ QB ဖြတ်ပိုင်းကို ပေးလာသူထံသို့ စာပို့ခြင်း
c. filing the copy of the QB receipt with the bank deposit slip		ဂ။ QB ဖြတ်ပိုင်းမိတ္တူကို ဘဏ်သို့ငွေသွင်းမှုဖြတ်ပိုင်း (bank deposit slip) နှင့်အတူ စုရင်းသွင်းခြင်း

2.4 CASH FOREIGN CURRENCY • နိုင်ငံခြားငွေကြေး ငွေသား

ထုတ်ပြန်မှု-ဇန် ၂၀

When Applicable: TBC receives cash in a currency other than THB either at HO or FO:

- donations
- reimbursed expenses

All foreign currency cash is handled and processed for conversion by HO.

အသုံးဝင်ပါက

TBC ထိုင်းဘတ်မှလွဲ၍ အခြားငွေကြေးဖြင့် HO သို့မဟုတ် FO တွင် ငွေသားလက်ခံရရှိပါက

- အလှူများ
- အသုံးစရိတ် ပြန်အမ်းငွေများ

နိုင်ငံခြားငွေကြေးအားလုံးကို စာရင်းသွင်း လဲလှယ်ရန် HO ကဆောင်ရွက်ရမည်။

Procedures	Responsibility	လုပ်ငန်းစဉ်များ
1. ED or FD receives cash and hands to SFM.	ED/FD	၁။ ED သို့မဟုတ် FD က ငွေသားကို လက်ခံယူ၍ SFM သို့ လွှဲပြောင်းပေးခြင်း
2. SFM gives the foreign currency (cash) to the Fin Ofr.	SFM	၂။ SFM က နိုင်ငံခြားငွေ (ငွေသား) ကို ရယူ၍ Fin Ofr ထံသို့ပေးခြင်း
3. Fin Ofr is responsible for:	Fin Ofr	၃။ Fin Ofr သည် အောက်ပါအတွက် တာဝန်ရှိသည်။
d. locking the cash in the safe in a separate labelled envelope		က။ ငွေသားကို သီးခြားစာအိပ်ဖြင့် မီးခံသေတ္တာတွင် သော့ခတ်သိမ်းခြင်း
e. depositing the foreign currency (cash) at the bank and obtaining the exchange advice		ခ။ နိုင်ငံခြားငွေ (ငွေသား) ကို ဘဏ်တွင်သွင်း၍ ငွေလဲလှယ်နှုန်း အကြံပြုချက် ရယူခြင်း

f. posting the exchange value in THB to QB and printing a QB receipt
g. mailing the QB receipt to the donor
h. filing the copy of the QB receipt with the bank advice

ဂ။ ငွေလဲလှယ်ပြီးတန်ဖိုးကို ထိုင်းဘတ်ငွေ ပမာဏကို QB တွင် သွင်း၍ QB ဖြတ်ပိုင်း ပရင့်ထုတ်ယူခြင်း
ဃ။ QB ဖြတ်ပိုင်းကို အလှူရှင်ထံ စာပြန်ပို့ခြင်း
င။ QB ဖြတ်ပိုင်းမိတ္တူကို ဘဏ်၏ငွေလွှဲနှုန်း အကြံပြုချက်နှင့်အတူ သိမ်းဆည်းခြင်း

2.5 CASH LOCAL CURRENCY • ဒေသခံငွေကြေး ငွေသား

ထုတ်ပြန်မှု-ဇန် ၂၀

When Applicable: TBC receives cash in THB either at HO or FO:
- donations
- reimbursed expenses

အသုံးဝင်ပါက
TBC က HO သို့မဟုတ် FO တွင် ထိုင်းဘတ်ဖြင့် ငွေသားလက်ခံရရှိပါက-
- အလှူငွေများ

အသုံးစရိတ် ပြန်အမ်းငွေများ

Procedures	Responsibility	လုပ်ငန်းစဉ်များ
1. ED or staff member receives cash and hands the cash to SFM (HO) or Fld Adm/Adm Mgr (FO).	ED	၁။ ED သို့မဟုတ် ဝန်ထမ်းတစ်ဦးက ငွေသားလက်ခံရရှိပါက ယင်းကို SFM (HO) သို့မဟုတ် Fld Adm/Adm Mgr (FO) သို့ လွှဲပေးရမည်။
2. Fin Ofr (HO) or Fld Adm/Adm Mgr (FO) posts the receipt of cash to QB against the relevant code and prints a QB receipt. For reimbursements received from staff for personal expenses initially paid by TBC, the cash could be allocated to either a receivable or expense account code.	Fin Ofr/Fld Adm/ Adm Mgr	၂။ Fin Ofr (HO) သို့မဟုတ် Fld Adm/Adm Mgr (FO) က ငွေရရှိမှုဖြတ်ပိုင်းကို QB သို့ သက်ဆိုင်ရာကုဒ်ဖြင့် တင်သွင်း၍ QB ဖြတ်ပိုင်းကို ပရင့်လုပ်ပါ။ TBC အဖွဲ့က ကနဦးပေးထားသည့် ဝန်ထမ်း၏အသုံးစရိတ်မှ ပြန်အမ်းငွေ ဆိုပါက ယင်းငွေကို receivable ဖြစ်စေ သို့မဟုတ် အသုံးစရိတ် အကောင့်ကုဒ်ဖြင့် ဖြစ်စေ ထည့်သွင်းပါ။
3. SFM gives the cash to Fin Ofr (HO) or FC gives the cash to Fld Admin (FO) and the cash is locked in the safe in a separate labelled envelope with the receipt.	SFM/FC	၃။ SFM က ငွေသားကို Fin Ofr (HO) သို့မဟုတ် FC ထံပေး၍ တဖန် Fld Admin (FO) ထံပေး၍ ငွေသားကို မီးခံသေတ္တာတွင် သီးခြားစာအိပ်၊ ဖြတ်ပိုင်းနှင့်အတူ သော့ခတ်သိမ်းပါ။
4. Fin Ofr (HO) or Fld Adm (FO) is responsible for: a. completing a deposit slip and depositing the cash at the bank b. mailing the QB receipt to the payer c. copying and filing the QB receipt and bank deposit slip	Fin Ofr/Fld Adm	၄။ Fin Ofr (HO) သို့မဟုတ် Fld Adm (FO) သည် အောက်ပါအတွက် တာဝန်ရှိသည်။ က။ ငွေသွင်းမှု ဖြတ်ပိုင်းကို ဖြည့်သွင်း၍ ငွေသားကိုဘဏ်တွင် ဖြည့်သွင်းရန်။ ခ။ QB ဖြတ်ပိုင်းကို ပေးသူထံ ပြန်၍ပို့ပေးရန် ဂ။ QB ဖြတ်ပိုင်းကို မိတ္တူကူး၍ ဘဏ်သွင်းဖြတ်ပိုင်း (bank deposit slip) နှင့်အတူ သိမ်းဆည်းရန်။

2.6 DIRECT BANK DEPOSITS • တိုက်ရိုက်ဘဏ်စာရင်းသို့ ထည့်သွင်းလာခြင်း

ထုတ်ပြန်မှု-ဇန် ၂၀

When Applicable: TBC receives funds directly into a TBC bank account in THB either in Bangkok or another field bank account and the funds are processed at the respective office (HO or FO):
- donations
- reimbursed expenses

အသုံးဝင်ပါက
TBC က ဘန်ကောက် သို့မဟုတ် အခြားသောနယ်ရုံးများရှိ ဘဏ်အကောင့်များတွင် ထိုင်း ဘတ်ငွေဖြင့် ရန်ပုံငွေများကို ဘဏ်စရင်းသို့ တိုက်ရိုက် ထည့်သွင်းရရှိခြင်း၊ ရန်ပုံငွေများကို HO သို့မဟုတ် FO သက်ဆိုင်ရာရုံးများတွင် ဆက်လက်ဆောင်ရွက်သည်။
- အလှူငွေများ

ပြန်အမ်းလာသည့် အသုံးစရိတ်များ

Procedures	Responsibility	လုပ်ငန်းစဉ်များ

1. The partner agency advises SFM, FM or FC that money has been deposited into TBC bank account either in Bangkok or another field bank account.	Partner Agency	၁။ မိတ်ဖက်အဖွဲ့အစည်းများသည် SFM ၊ FMသို့မဟုတ် FC ကို TBC ဘဏ်စာရင်းထဲသို့ ငွေလွှဲထည့်သွင်းပြီးကြောင်း ဘန်ကောက် သို့မဟုတ် နယ်ရုံးတွင် အကြောင်းကြားလာသည်။
2. Fin Ofr (Ho) or Fld Adm/Adm Mgr (FO) is responsible for:	FinOfr/FldAdm/ Adm Mgr	၂။ Fin Ofr (Ho) သို့မဟုတ် Fld Adm/Adm Mgr (FO) က အောက်ပါအတွက် တာဝန်ရှိသည်။
a. issuing a receipt against the invoice in QB for the amount deposited		က။ ကျသင့်ငွေ Invoice အပေါ်မူတည်၍ QB တွင် ဖြတ်ပိုင်းကို ထည့်သွင်းလာသည့်ငွေပမာဏ အတိုင်း ထုတ်ပေးသည်။
b. sending the invoice to the partner agency		ခ။ ကျသင့်ငွေ (invoice) ကို မိတ်ဖက်အဖွဲ့သို့ ပြန်ပို့ပေးခြင်း
c. filing the documentation (invoice, receipt, PO)		ဂ။ မှတ်တမ်းသွင်းခြင်း (ကျသင့်ငွေ invoice, ဖြတ်ပိုင်း receipt, ပေးသွင်းမှုအမိန့် PO)

3 PROGRAMME DEVELOPMENT EXPENSES • အစီအစဉ်များ အကောင်အထည်ဖော်မှု အသုံးစရိတ်များ

ထုတ်ပြန်မှု-ဇူ ၁၆

Control Objective: **To ensure that all programme expenses are properly documented, authorised, received, recorded, reported and controlled within approved budgets.**

ထိန်းချုပ်မှု ရည်ရွယ်ချက်- အစီအစဉ်များနှင့် ပတ်သက်၍ အသုံးစရိတ်များအားလုံးကို သေချာ မှတ်တမ်းထားရှိ၍၊ ခွင့်ပြုချက်ရယူ၍၊ သတ်မှတ်ထားသည့် ဘတ်ဂျက်အတွင်း ရရှိပြီး၊ မှတ်တမ်းထား၍ အစီရင်ခံတင်ပြ ခြင်းများကို ထိန်းချုပ်လိုခြင်း ဖြစ်သည်။

Principles:

a. The Board of Directors approves the annual budget and may subsequently approve revisions.
b. Expenditure is in accordance with approved budgets.
c. Payments are approved by the appropriate authority.
d. Segregation of duties is applied between those authorising payments and those making payments.
e. All expenditure will be supported by relevant and accurate documentation, including written agreements where appropriate.

အခြေခံမူများ

က။ ဒါရိုက်တာ ဘုတ်အဖွဲ့က နှစ်စဉ်ဘတ်ဂျက်နှင့် နောက်ပိုင်းတွင် ပြင်ဆင်မှုများကို အတည် ပြုသည်။
ခ။ အတည်ပြုထားသည့် ဘတ်ဂျက်များနှင့်အညီ အသုံးစရိတ်များ
ဂ။ သက်ဆိုင်ရာ အာဏာပိုင်များက ငွေပေးချေမှုများကို အတည်ပြုသည်။
ဃ။ တာဝန်ခွဲခြားသတ်မှတ်မှုများကို အသုံးပြု၍ ငွေပေးချေမှုများကို ခွင့်ပြုပေးခြင်း နှင့် ငွေထုတ်ပေးသူများအကြား ခွဲခြားသည်။
င။ အသုံးစရိတ်အားလုံးသည် သက်ဆိုင်ရာ နှင့် တိကျသော မှတ်တမ်းများ၊ (သင့်လျော်ပါ က စာဖြင့်ရေးသားထားသည့် ကတိကဝတ်များ အပါအဝင်ဖြင့်) ထောက်ခံပေးသည်။

When Applicable: Programme Development Expenses are defined as any costs that have a direct impact on nutrition, shelter and food security programme activities.

အသုံးဝင်ပါက- အစီအစဉ် အကောင်အထည်ဖော်မှု အသုံးစရိတ်များကို အာဟာရရရှိမှု၊ အိမ်းအကာ နှင့် စားနပ်ရိက္ခာ လုံခြုံမှု စသည့် အစီအစဉ် လုပ်ငန်းစဉ်များနှင့် တိုက်ရိုက်သက်ဆိုင်သည့် ကုန်ကျ စရိတ်များအားလုံးအဖြစ် အဓိပ္ပါယ် ဖွင့်ဆိုသည်။

3.1 ORGANISATION COSTS • အဖွဲ့အစည်း ကုန်ကျစရိတ်များ

ထုတ်ပြန်မှု-ဇူ ၁၆

Control Objective: **To ensure that all operating expenses such as rent, insurance, utilities and consultancy payments are properly documented, authorised, received, recorded, reported and controlled within approved budgets.**

ထိန်းချုပ်မှု ရည်ရွယ်ချက်- အိမ်ငှားခ၊ လူအသုံးအဆောင်ကုန်ကျစရိတ်များ နှင့် တိုင်ပင်အကြံရယူခ စသည့်ပေးချေမှု၊ လုပ်ငန်းလည်ပတ်မှု စရိတ်များအားလုံးကို စနစ်တကျ မှတ်တမ်းတင်၍ ခွင့်ပြုချက်ပေးခြင်းများ ဖြင့်၊ အတည်ပြုထားသော ဘတ်ဂျက်အတွင် ရယူခြင်း၊ မှတ်တမ်းတင်ခြင်း၊ အစီရင်ခံခြင်းများ ဖြင့် ထိန်းချုပ်ထားခြင်း ဖြစ်သည်။

Principles:

a. Expenditure is in accordance with budgets.

အခြေခံမူများ

က။ ဘတ်ဂျက်နှင့်အညီ အသုံးစရိတ်များ

b. Segregation of duties is applied between those authorising, those recording, and those making payments.

c. All expenses are properly authorised.

ခ။ တာဝန် ခွဲခြားသတ်မှတ်မှုများကို အာဏာဖြင့် ခွင့်ပြုသူများ၊ မှတ်တမ်းတင်သူများ၊ ငွေထုတ် ပေးသူများအကြား ခွဲခြားထားသည်။

ဂ။ အသုံးစရိတ်များအားလုံးကို သင့်လျော်စွာ အာဏာဖြင့် ခွင့်ပြုပေးသည်။

PROCEDURES	RESPONSIBILITY	လုပ်ငန်းစဉ်များ
1. Acc Ofr (HO) or Fld Adm/Adm Mgr (FO) obtains an invoice where possible or the signed agreement held on file by BKK Finance or Field Administration that covers the payment. Otherwise, an Expenses Approval Request Form (EAR) should be raised by programme staff.	Acc Ofr/Fld Adm/ Adm Mgr	၁။ Acc Ofr (HO) သို့မဟုတ် Fld Adm/Adm Mgr (FO) က ဖြစ်နိုင်ပါက ကျသင့်ငွေ invoice များ ရယူ၍ သို့မဟုတ် လက်မှတ်ရေးထိုးထားသည့် သဘောတူညီချက်များ ရယူ၍ ဘန်ကောက် ဘဏ္ဍာရေး သို့မဟုတ် နယ်ရုံး အုပ်ချုပ်ရေးတွင် ငွေပေးချေမှုကို လွှမ်းခြုံသည့်ဖိုင်များတွဲထားရ မည်။ သို့မဟုတ်ပါက အသုံးစရိတ် အတည်ပြုချက်တောင်းခံလွှာပုံစံ (EAR) ကို အစီအစဉ် ဝန် ထမ်းက တင်ပြလာစေရမည်။
2. The appropriate authority authorises and returns the invoices and EAR to BKK Finance (HO) or Fld Adm/Adm Mgr (FO).	Authority	၂။ သင့်လျော်ရာ အာဏာပိုင်က ကျသင့်ငွေ invoices နှင့် EAR အတိုင်း ပြန်ပေးရန် ဘန်ကောက် BKK Finance (HO) သို့မဟုတ် Fld Adm/Adm Mgr (FO) က ခွင့်ပြုပေးရမည်။
3. Fin Ofr (HO) or Fld Adm/Adm Mgr (FO) processes the payments in accordance with Procedure 7.1 (HO) or 7.3 (FO)	Fin Ofr/Fld Adm/ Adm Mgr	၃။ Fin Ofr (HO) သို့မဟုတ် Fld Adm/Adm Mgr (FO) က လုပ်ငန်းစဉ် 7.1 (HO) သို့မဟုတ် 7.3 (FO) အတိုင်း ငွေပေးချေရန် ဆောင်ရွက်ရမည်။
4. Due to the increase of online banking, billing, and other transactions, largely related to utlities, Petty cash holders and Admins, are permitted to pay directly from their personal bank account, on behalf of TBC, and request reimbursement or include the receipts in the petty cash register. Additionally, TBC accepts printouts of receipt since paper receipts are becoming less common. In cases where the monthly bills are too large for the staff to cover with personal funds, a long-term advance can be obtained to cover these.		၄။ အွန်လိုင်းဘဏ်စနစ်၊ ငွေပေးချေမှုနှင့် အခြားငွေပေးငွေယူများ တိုးလာခြင်းကြောင့်၊ အများအားဖြင့် (utlities များနှင့်သက်ဆိုင်သောစရိတ်များ)အတွက် အသေးစားငွေသားကိုင်ဆောင်ထားသူများနှင့် စီမံခန့်ခွဲသူများသည် TBC ကိုယ်စား ပြန်အမ်းငွေတောင်းခံခြင်း သို့မဟုတ် ပြေစာများပါရှိသည့် အသေးစားငွေသားစာရင်းအပေါ် ၎င်းတို့၏ကိုယ်ပိုင် ဘဏ်အကောင့်မှ တိုက်ရိုက်ပေးချေရန် ခွင့်ပြုထားပြီးသည်။ ထို့အပြင် TBC သည် စာရွက်လက်ခံဖြတ်ပိုင်းများသည် အသုံးနည်းလာသောကြောင့် print ထုတ်ထားသောပြေစာများကို လက်ခံပါသည်။ လစဉ်ငွေတောင်းခံလွှာများပမာဏများသော ကိစ္စရပ်များတွင်ဝန်ထမ်းများ၏ကိုယ်ပိုင်ရန်ပုံငွေများမှကာမိရန်အတွက် ကာလရှည် ကြိုတင်ငွေရယူနိုင်ပါသည်။

3.2 SUB GRANTS • ဆပ်ဂရန့်များ

ထုတ်ပြန်မှု-ဇန် ၂၀

PROCEDURES	RESPONSIBILITY	လုပ်ငန်းစဉ်များ
1. Sub-grants are normally negotiated annually. SGA and MF Mgr assist partners to present proposal budgets.	SGA and MF Mgr	၁။ ဆပ်ဂရန့် (Sub-grants) များကို ပုံမှန်အားဖြင့် နှစ်စဉ် ညှိနှိုင်းသည်။ SGA နှင့် MF Mgr က မိတ်ဖက်အဖွဲ့အစည်းများကို အဆိုပြုလွှာ ဘတ်ဂျက်များတင်သွင်းရန် ကူညီပံ့ပိုးပေးသည်။
2. SGA and MP Mgr prepare the Letter of Agreement (LOA) together with proposals and budgets which are submitted to Management for review and approval.	SGA and MP Mgr TBC DIRECTOR	၂။ SGA နှင့် MP Mgr တို့က သဘောတူညီချက်စာလွှာ Letter of Agreement (LOA) ကို အဆိုပြု လွှာ၊ ဘတ်ဂျက်များနှင့်အတူ ပြင်ဆင်ပေးပြီး၊ ယင်းတို့ကို စီမံခန့်ခွဲမှုအဖွဲ့ထံသို့ ပြန်လည်သုံး သပ်ရန် နှင့် အတည်ပြုရန် တင်ပြပေးသည်။
3. MPD, FD and ED approve proposals.	MPD/FD/ED	၃။ MPD, FD နှင့် ED တို့က အဆိုပြုလွှာကို အတည်ပြုသည်။

4. Fin Ofr (HO) or Adm Mgr (YGN) is subsequently responsible for: a. preparing monthly transfers in accordance with the schedule approved by Finance b. recording the transfers c. transferring funds to the sub-grantees d. processing payments in accordance with Procedure 7.1. Bank transfers are made to personal bank accounts of Thai/Myanmar nationals who are trusted by the sub-grantees and known to TBC staff. A joint bank account is preferable. Note: Thai/Myanmar law prohibits persons without status from operating bank accounts, hence it is not possible for Camp and Refugee committees to have bank accounts e. advising sub-grantees by email of the transfer of funds	Fin Ofr/Adm Mgr	၄။ Fin Ofr (HO) သို့မဟုတ် Adm Mgr (YGN) က နောက်ပိုင်းတွင် အောက်ပါတို့အတွက်တာဝန်ရှိသည်။ က။ ဘဏ္ဍာရေးက အတည်ပြုထားချက်အတိုင်း လစဉ် ငွေလွှဲပေးမှုများကို ပြင်ဆင်ပေးခြင်း ခ။ ငွေလွှဲပေးမှု (transfers) များကို မှတ်တမ်းတင်ထားခြင်း ဂ။ ဆပ်ဂရန့် ရရှိသူများထံသို့ ရန်ပုံငွေများကို လွှဲပြောင်းပေးခြင်း ဃ။ လုပ်ငန်းစဉ် 7.1. အရ ငွေထုတ်ပေးမှုများ၊ ဘဏ်မှ လွှဲပြောင်းပေးမှုများကို ဆပ်ဂရန့်ရရှိသူများက ယုံကြည်ရပါသည်ဆိုသော၊ TBC ဝန်ထမ်းများကလည်း သိရှိနေကြသူများဖြစ် သည့် ထိုင်း/မြန်မာ နိုင်ငံသားတို့၏ ဘဏ်စရင်းများထံ လွှဲပြောင်းပေးခြင်း၊ ပူးတွဲဘဏ် စရင်းဆိုလျှင် ပို၍ ဖြစ်သင့်သည်။ မှတ်ချက်။ ။ ထိုင်း/မြန်မာဥပဒေများအရ မှတ်တမ်းမှတ်ရာ အထောက်အထားမရှိသူ များထံ လုပ်ငန်းဆိုင်ရာ ဘဏ်စရင်းဖွင့်ရန် တားမြစ်ထားသည်။ သို့အတွက်ကြောင့် စခန်း နှင့် ဒုက္ခသည်ကော်မီတီများက ဘဏ်စရင်းဖွင့်ရန် မဖြစ်နိုင်ကြပါ။ င။ ဆပ်ဂရန့် ရရှိသူများထံ ရန်ပုံငွေ လွှဲပြီးကြောင်း အီးမေးလ်ဖြင့် အကြောင်းကြားခြင်း။	
5. Sub-grantees issue and send receipts.	Sub-grantees	၅။ ဆပ်ဂရန့်ရရှိသူများက ဖြတ်ပိုင်းများ ထုတ်၍ ပြန်ပို့ပေးခြင်း
6. Sub-grantees maintain accounting records, including monthly bank reconciliations, and a photocopy of the bank passbook and send monthly and quarterly to SGA and Adm Mgr.		၆။ ဆပ်ဂရန့် ရရှိသူများက မှတ်တမ်း စာရင်းအင်းများ ထိန်းသိမ်းထားခြင်း၊ (ယင်းတွင် လစဉ် ညှိနှိုင်း ငွေစရင်းများ၊ ဘဏ်စရင်းစာအုပ် မိတ္တူ ပါဝင်၍) လစဉ် နှင့် ၃-လတစ်ကြိမ် SGA နှင့် Adm Mgr ထံ ပို့ပေးရမည်။
7. Sub-grantees are subject to annual financial assessment by TBC and may be required to have annual financial statements audited.	SGA/Fld Adm/ Adm Mgr /SFM	၇။ ဆပ်ဂရန့် ရရှိသူများသည် TBC က နှစ်စဉ် ငွေကြေးဆိုင်ရာ အကဲဖြတ်စစ်ဆေးမှု ခံယူရမည် ဖြစ်ပြီး၊ နှစ်စဉ် ငွေကြေးဆိုင်ရာ ဖော်ပြချက် (Financial statements) ကို စာရင်းစစ်ခံယူရန် လိုအပ်သည်။

3.3 EMERGENCY RELIEF ASSISTANCE • အရေးပေါ် ကယ်ဆယ်ရေး အကူအညီ (ERA)

ထုတ်ပြန်မှု-ဇန် ၂၀

PROCEDURES	RESPONSIBILITY	လုပ်ငန်းစဉ်များ
1. The partner agency sends a funding proposal request to the Partnership Coordinator.	Partner Agency	၁။ မိတ်ဖက်အဖွဲ့အစည်းက ရန်ပုံငွေ အဆိုပြု တောင်းခံလွှာကို မိတ်ဖက်ပူးပေါင်းဆောင်ရွက်ရေး အရာရှိ ထံ ပေးပို့ရမည်။
2. Part Coor makes recommendations to the Myanmar Programme Director.	Part Coor	၂။ မိတ်ဖက် ပူးပေါင်းဆောင်ရွက်ရေး အရာရှိက မြန်မာ အစီအစဉ် ဒါရိုက်တာ (MPD) ထံသို့ အကြံပြု ချက်များ ပေးပို့မည်။
3. MPD considers recommendations for approval within authority limits (Procedure 1.3).	MPD	၃။ MPD က အကြံပြုချက်များအပေါ် စဉ်းစား၍ ခွင့်ပြုနိုင်သော အာဏာ အကန့်အသတ်အတွင်း အတည်ပြုပေးမည်။ (လုပ်ငန်းစဉ် 1.3).
4. MPD passes the approved recommendations to BKK Finance.		၄။ MPD က အတည်ပြုသည့် အကြံပြုချက်ကို ဘန်ကောက် BKK Finance သို့ ပို့ပေးမည်။
5. SFM approves and passes to Fin Ofr to process the payment.	SFM	၅။ SFM က အတည်ပြု၍ Fin Ofr သို့ ငွေ ဆက်လက်ထုတ်ပေးရန် ပေးပို့မည်။
6. Fin Ofr is subsequently responsible for:	Fin Ofr	၆။ Fin Ofr သည် အောက်ပါတို့အတွက် တာဝန်ရှိသည်။
a. processing payments in accordance with the payments policy outlined in Procedure 7.1		က။ လုပ်ငန်းစဉ် 7.1 အရ ငွေထုတ်ပေးမှု မူဝါဒအတိုင်း ငွေထုတ်ပေးမှု လုပ်ငန်း ဆောင်ရွက်မည်။
b. making transfers to personal bank accounts of Thai nationals trusted by the partner agencies and known to TBC staff.		ခ။ ယုံကြည်ရပါသည်ဆိုသော၊ TBC ဝန်ထမ်းများကလည်း သိရှိနေကြသူများဖြစ် သည့် ထိုင်းနိုင်ငံ သားတို့၏ ဘဏ်စရင်းများထံ ငွေလွှဲပြောင်းပေးခြင်း၊
Note: Thai law prohibits persons without status from opening bank accounts; hence it is not possible for some partner agencies to have bank accounts.		မှတ်ချက်။ ။ ထိုင်း/မြန်မာဥပဒေများအရ မှတ်တမ်းမှတ်ရာ အထောက်အထားမရှိသူများထံ လုပ်ငန်းဆိုင်ရာ ဘဏ်စရင်းဖွင့်ရန် တားမြစ်ထားသည်။ သို့အတွက်ကြောင့် အချို့သော မိတ်ဖက် အဖွဲ့များက ဘဏ်စရင်းဖွင့်ရန် မဖြစ်နိုင်ကြပါ။
c. advising the partner agency by email of the transfer of funds		ဂ။ မိတ်ဖက်အဖွဲ့အစည်းများထံ ရန်ပုံငွေ လွှဲပြီးကြောင်း အီးမေးလ်ဖြင့် အကြောင်းကြားခြင်း။
7. Partner agency officials issue and send a receipt.	Partner Agency	၇။ မိတ်ဖက်အဖွဲ့အစည်းများက ငွေရရှိကြောင်း ဖြတ်ပိုင်းထုတ်လုပ်၍ ပြန်ပို့ပေးခြင်း
8. The partner agency subsequently reports on the distribution of the support.	MPD	၈။ မိတ်ဖက်အဖွဲ့အစည်းက နောက်ပိုင်းတွင် ထောက်ပံ့မှု/ ဖြန့်ဖြူးမှုကို ပြန်အစီရင်ခံခြင်း။

3.4 STAFF DEVELOPMENT (TRAINING) COSTS • ဝန်ထမ်း ဖွံ့ဖြိုးရေး (သင်တန်း) ကုန်ကျစရိတ်များ

ထုတ်ပြန်မှု-ဇူ ၁၆

CONTROL OBJECTIVE: **To ensure that staff development expenses are properly documented, authorised, received, recorded and reported and are controlled within approved budgets.**

ထိန်းချုပ်မှု၏ ရည်ရွယ်ချက်- ဝန်ထမ်းဖွံ့ဖြိုးရေး ကုန်ကျစရိတ်များကို သင့်လျော်စနစ်ကျစွာ မှတ်တမ်းတင်၊ ခွင့်ပြု၊ ရရှိစေ၍ ခွင့်ပြုထားသည့် ဘတ်ဂျက်အတွင်း ထုတ်ပေး၊ မှတ်တမ်းတင်၊ အစီရင်ခံစေ ရန် ထိန်းချုပ်ထားခြင်း ဖြစ်သည်။

PRINCIPLES:

a. Expenses are in accordance with staff development budgets and consistent with agreed individual learning and development plans and are recorded in appropriate personnel files.
b. Segregation of duties is applied between those authorising, those recording and those making payments.
c. Expenses are properly authorised.

အခြေခံမူများ

က။ အသုံးစရိတ်များစသည် ဝန်ထမ်းဖွံ့ဖြိုးရေး ဘတ်ဂျက်နှင့် အညီဖြစ်ရမည်ဖြစ်ပြီး၊ သဘောတူညီထားသည့် လူတစ်ဦးချင်း၏ ဖိုင်များတွင် မှတ်တမ်းတင်ထားသည့် အတိုင်း ယင်းတစ်ဦးချင်း၏ လေ့လာသင်ယူမှု/ဖွံ့ဖြိုးမှု အစီအစဉ်များ နှင့် ကိုက်ညီ ရမည်။
ခ။ ခွင့်ပြုအာဏာပေးသူ၊ မှတ်တမ်းတင်သူနှင့် ငွေထုတ်ပေးသူအကြား အာဏာများ ကို တိကျစွာ ခွဲခြားထားခြင်း

ဂ။ ကုန်ကျစရိတ်များကို သင့်လျော်စွာ ခွင့်ပြုပေးခြင်း

PROCEDURES	RESPONSIBILITY	လုပ်ငန်းစဉ်များ
1. The staff member and supervisor complete the **Approval for Learning and Development Course** form and the supervisor submits the form to the relevant Management team member for approval.	Supervisor	၁။ ဝန်ထမ်းနှင့် ကြီးကြပ်ရေးမှူးက **လေ့လာရေးနှင့် ဖွံ့ဖြိုးမှုသင်ခန်းစာ အတည်ပြုချက်** ပုံစံကို ဖြည့်သွင်း၍ ကြီးကြပ်ရေးမှူးက ပုံစံကို သက်ဆိုင်ရာ စီမံခန့်ခွဲမှုအသင်းထံသို့ အတည်ပြုပေး ရန် တင်ပြရမည်။
2. The manager forwards the form to Human Resources for tracking and/or booking and filing.	Manager	၂။ မံခန့်ခွဲမှုအဖွဲ့က လူသားရင်းမြစ်ဌာနထံ နောက်ကြောင်းခံရန် နှင့်/သို့မဟုတ် မှတ်တမ်းတင် ဖိုင်တွဲထားရန် ဆက်လက်ပေးပို့ရမည်။
3. Fld Adm/Adm Mgr (FO) or HR&Adm Asst (HO) gives a copy of the form to the supervisor, together with any booking details.	Fld Adm/Adm Mgr/ HR&Adm Asst	၃။ Fld Adm/Adm Mgr (FO) သို့မဟုတ် HR&Adm Asst (HO) က ပုံစံမိတ္တူတစ်ခုကို ကြီးကြပ် ရေးမှူးထံသို့ ဘုတ်ကင်ပြုလုပ်ထားသည့် အသေးစိတ်အချက်အလက်များနှင့်အတူ ပေးမည်။
4. Fin Ofr (HO) attaches a copy of the form to the request for payment and processes the payment in accordance with Procedure 7.1 or 7.2.	Fin Ofr	၄။ Fin Ofr (HO) က ပုံစံမိတ္တူတစ်ခုကို ငွေထုတ်ပေးရန် တောင်းဆိုမှုနှင့်အတူ ပေး၍ ငွေထုတ် ပေးမှုကို လုပ်ငန်းစဉ် 7.1 သို့မဟုတ် 7.2 နှင့်အညီ ဆက်လက်ဆောင်ရွက်မည်။

3.5 DELEGATED AUTHORITY • ခွင့်ပြုအာဏာ လွှဲပေးမှု

ထုတ်ပြန်မှု-ဧ ၁၆

PROCEDURES	RESPONSIBILITY	လုပ်ငန်းစဉ်များ
1. The Board approves the annual budget for the Myanmar programme.	Board	၁။ ဘုတ်အဖွဲ့က မြန်မာအစီအစဉ်အတွက် နှစ်စဉ် ဘတ်ဂျက်ကို အတည်ပြုမည်။
2. Management delegates annual limits to Field Coordinators and Programme Specialists to approve specific expenses such as miscellaneous supplies and support, Thai support, livelihood projects and nutrition.	Management	၂။ စီမံခန့်ခွဲရေးအဖွဲ့က ကွင်းဆင်းပူးပေါင်းဆောင်ရွက်ရေးမှူးများနှင့် အစီအစဉ် အထူးပြု ကျွမ်းကျင်သူများထံသို့ နှစ်စဉ် အကန့်အသတ်ကို ကိုယ်စားလှယ်လွှဲအပ်၍ တိကျသည့် အသုံးစရိတ်များ (ဥပမာ- အထွေထွေ ထောက်ပံ့ရေးပစ္စည်းများ နှင့် ထောက်ပံ့မှုများ၊ ထိုင်း နိုင်ငံတွင် ထောက်ပံ့မှု၊ သက်မွေးဝမ်းကျောင်းစီမံချက်၊ အာဟာရ ရရှိရေးစီမံချက်တို့ အတွက်) အတည်ပြုပေးနိုင်သည်။
3. FC (FO) and Prog Spl (HO) may authorise single expenditures up to a maximum of THB 60,000 per time.	FC & Prog Spl	၃။ FC (FO) နှင့် Prog Spl (HO) တို့က တစ်ခုချင်း အသုံးစရိတ်ကို အများဆုံး ထိုင်းဘတ် 60,000 အထိ တစ်ကြိမ်လျှင် ခွင့်ပြုပေးနိုင်သည်။
4. Expenditures in excess of delegated limits require approval of Management.	Management	၄။ သတ်မှတ်ခွင့်ပြုထားသည့် အကန့်အသတ်ထက်ကျော်လွန်သော အသုံးစရိတ်များကို စီမံ ခန့်ခွဲမှုအဖွဲ့၏
5. Delegated approval authority approves the request.	Authority	အတည်ပြုချက် ရယူရန် လိုအပ်သည်။
6. Fin Ofr (HO) or Fld Adm (FO) processes payments against approved requests in accordance with the payments policy in Procedure 7.1 or 7.2.	Fin Ofr/Fld Adm	၅။ တာဝန်ပေးထားသော အာဏာပိုင်က တောင်းခံချက်ကို အတည်ပြုပေးနိုင်သည်။
		၆။ Fin Ofr (HO) သို့မဟုတ် Fld Adm (FO) က အတည်ပြုထားသော တောင်းဆိုချက်အတိုင်း ငွေထုတ်ပေးမှုကို ငွေထုတ်ပေးမှု မူဝါဒ လုပ်ငန်းစဉ် 7.1 သို့မဟုတ် 7.2 အတိုင်း ဆက်လက် ဆောင်ရွက်သည်။

3.6 PAYROLL AND DEDUCTIONS • လစာနှင့် ဖြတ်တောက်မှုများ

ထုတ်ပြန်မှု-ဇန် ၂၀

CONTROL OBJECTIVE:

To ensure that payroll disbursements are made only upon proper authorisation to bona fide employees, that payroll disbursements are properly recorded and that related legal requirements (such as payroll tax deposits) are complied with.

ထိန်းချုပ်မှု ရည်ရွယ်ချက်- လစာထုတ်ပေးမှုများကို သင့်လျော်သည့် အာဏာခွင့်ပြုပေးမှုဖြင့် အစစ်အမှန် ခံစားခွင့်ရှိသော ဝန်ထမ်းများထံ သေချာထုတ်ပေးရန် နှင့် လစာထုတ်ပေးမှုများကို သေချာမှတ်တမ်းထားရှိရန်၊ လိုအပ်သည့် ဥပဒေကြောင်းအရ လိုအပ်ချက်များ (ဥပမာအားဖြင့် လစာပေါ်ဝင်ငွေခွန် ပေး ဆောင်မှုများ) ကို လိုက်နာဆောင်ရွက်ရန် ဖြစ်သည်။

PRINCIPLES:

a. Policies and procedures are followed for accounting for vacations, holidays, sick leave and other benefits.

b. The person authorising an employee's entitlements does not also prepare the pay cheques.

c. Payroll should be in keeping with the procedures for all other cash disbursements.

d. There is segregation of duties so that someone other than the payroll cheque signatory reviews the payroll register, posts payroll to the general ledger, reviews payroll-related tax withholding and distributes year-end tax summaries to employees.

e. Changes in employee status and rates are correctly authorised.

f. Payroll-related taxes are withheld and paid to state agencies on a timely basis

g. A list is maintained of all payroll cheques written, including the appropriate withheld taxes.

h. The volatility of the Kyat currency against the other major currencies can significantly impact the Myanmar contractor payment from month to month. To mitigate broad swings on the payment for Myanmar contractor, TBC will convert each staff's contracted THB remuneration to the Kyat equivalent monthly. The FX rate applied will use the actual rate of conversion,

အခြေခံမူများ

က။ အားလပ်ရက်များ၊ ဖျားနာခွင့်များနှင့် အခြားသော ခံစားခွင့်များကို တွက်ချက်၍ မူဝါဒများ၊ လုပ်ငန်းစဉ်များကို လိုက်နာရန်။

ခ။ ဝန်ထမ်း၏ ခံစားခွင့်များအတွက် ခွင့်ပြုအာဏာရှိသော ပုဂ္ဂိုလ်က လစာငွေချက်လက်မှတ် ကို မပြင်ဆင်ရပါ။

ဂ။ လစာများကို ငွေသားထုတ်ပေးခြင်းထက်စာလျှင် အခြားသော လုပ်ငန်းစဉ်များဖြင့် ဆောင်ရွက်ရမည်။

ဃ။ ဤသို့ တာဝန်ခွဲခြားထားခြင်းသည် လစာငွေချက်လက်မှတ်ကို လက်မှတ်ရေးထိုးရသူ ထက်စာလျှင် အခြားသောသူ တစ်ဦးဦးက ပြန်၍သုံးသပ်နိုင်ရန် ဖြစ်သည်။ လစာငွေ ရယ်ဂျစ်စတာမှတ်တမ်း၊ အထွေထွေ လယ်ဂျာသို့ ထည့်သွင်းမှု၊ လစာငွေနှင့် ပတ်သက် သည့် ကြိုတင်နှုတ်ယူထားသည့်အခွန်၊ နှစ်ကုန်ကာလတွင် ဝန်ထမ်းက ပေးဆောင်သည့် အခွန်တို့ကို ပြန်၍သုံးသပ်နိုင်သည်။

င။ ဝန်ထမ်း၏အဆင့် နေရာ အပြောင်းအလဲနှင့် နှုန်းထားများကို မှန်ကန်စွာ ခွင့်ပြုရမည်။

စ။ လစာနှင့် ပတ်သက်သည့်အခွန်များကို ကြိုတင်နှုတ်ယူ၍ အစိုးရဌာနသို့ အချိန်မီပေးသွင်းရမည်။

ဆ။ လစာငွေထုတ်ပေးသည့် ချက်လက်မှတ်များစရင်းကို ပြုစုထားရမည်။ ယင်းတွင် ကြိုတင် နှုတ်ထားသည့် အခွန်များ အပါအဝင် မှတ်တမ်းထားရမည်။

ဇ။ကန်ထရိုက်တာစာချုပ်ချုပ်ဆိုထားသည့်လစဉ်လတိုင်းပေးချေရမှုများတွင်မြန်မာကျပ်ငွေ၏ငွေကြေးမတည်ငြိမ်မှု ဖြစ်မှုသည်အခြားအဓိကကျသောငွေကြေးများနှင့်နှိုင်းယှဉ်လျှင်သိသာထင်ရှားစွာသက်ရောက်ခြင်းကိုဖြစ်ပေါ်စေသည်။မြန်မာကန်ထရိုက်တာငွေပေးချေမှုများတွင်ကွာဟမှုဖြစ်စေသော/ကျယ်ပြန့်သောငွေကြေးအတက်အကျကို လျော့ပါးစေရန်ထိုင်းဘတ်ဖြင့်ချုပ်ဆိုထားသောဝန်ထမ်းတစ်ယောက်စီ၏လစာငွေကိုလစဉ်ထိုင်းဘတ်နှင့် ညီမျှသောမြန်မာကျပ်ငွေသို့ပြောင်းလဲပါလိမ့်မည်။အမှန်တကယ်ငွေကြေးပြောင်းလဲမှုနှုန်းထားကိုငွေလဲနှုန်းထားအဖြစ်အသုံးပြုပါမည်။

PROCEDURES	RESPONSIBILITY	လုပ်ငန်းစဉ်များ
3.6.1 PAYROLL PREPARATION • လစာထုတ်ပေးမှုအတွက် ပြင်ဆင်ခြင်း		
8. For the safety of TBC, its staff, and partners working in Myanmar and other high-risk areas, TBC allows for the destruction of financial documents after they've been scanned, referenced, and uploaded to a secure TBC cloud account. Auditors, therefore, will have to accept this as valid supporting documentation.

၆။ ဘဏ္ဍာရေးဆိုင်ရာ စာရွက်စာတမ်းများ (Hard financial documentation) ကို ဘဏ္ဍာရေးဌာန တွင် ၂-နှစ်ကာလအထိ မျက်မြင်သိမ်းဆည်းထားရန် (လက်ရှိနှစ်နှင့် ယခင်နှစ်) နောက်ပိုင်းတွင် ငှားရမ်းထားသည့် သိုလှောင်ရုံ (မျက်ကွယ်) တွင် သိုလှောင်သိမ်းဆည်း မှတ်တမ်းထားရန်။

၇။ ဘဏ္ဍာရေးဆိုင်ရာ စာရွက်စာတမ်းများ (Hard financial documentation) ကို ၇-နှစ်အထိ (လက်ရှိနှစ် မှတ်တမ်းများကို ဖယ်ချန်၍) သိမ်းဆည်းထားရမည်။

၈။ TBC သည် ၎င်း၏ဝန်ထမ်းများနှင့် မြန်မာနိုင်ငံနှင့် အခြားအန္တရာယ်များသောဒေသများတွင် အလုပ်လုပ်နေသော မိတ်ဖက်များ၏ လုံခြုံရေးအတွက် ငွေရေးကြေးရေးဆိုင်ရာစာရွက်စာတမ်းများကို အကိုးအကားအဖြစ် scan ဖတ်၍ လုံခြုံသော TBC cloud အကောင့်သို့ အပ်လုဒ်လုပ်ပြီးနောက် ၎င်းငွေရေးကြေးရေးစာရွက်စာတမ်းများကို ဖျက်ဆီးရန် TBC မှ ခွင့်ပြုပါသည်။ ထို့ကြောင့် စာရင်းစစ်များသည် ၎င်းအား မှန်ကန်သော ထောက်ခံချက်စာရွက်စာတမ်းအဖြစ် လက်ခံရမည်ဖြစ်သည်။

APPENDIX A: SEGREGATION OF DUTIES TABLE • နောက်ဆက်တွဲ က။ တာဝန်ခွဲဝေထားမှု ဇယား

ထုတ်ပြန်မှု-ဇန် ၂၀

စီမံခန့်ခွဲမှု သက်ဆိုင်ရာလုပ်ငန်းများအတွက် အတည်ပြုပေးရန် တာဝန်ရှိရာထူး	ED	TPD	MPD	FD	SFM FM	Chq Sig	Fin Ofr	Acc Ofr	SCS Spl Log Ofr	HR& Adm Ofr	Adm & HR Spl	FC, MPD, MPM, MFM	Fld Adm, Adm Asst, Fld AC	Adm Mgr	Fld Ofr
<u>ငွေလက်ခံဖြတ်ပိုင်းများ</u>															
a. ငွေ/ချက်များ လက်ခံခြင်း					√		√				√	√			
b. ချက်များကို အတည်ပြုခြင်း						√									
c. ဘဏ်ငွေသွင်းစလစ်များ ပြင်ဆင်ခြင်း							√						√		
d. ဘဏ်ငွေသွင်းစလစ်များ ဘဏ်သို့ယူဆောင်ခြင်း							√						√		
<u>ဝယ်ယူမှု</u>															
a. ပစ္စည်းထောက်ပံ့သူ ရွေးချယ် အတည်ပြုခြင်း	ပစ္စည်းဝယ်ယူမှု ကော်မီတီ (TPD, SCS Spl, Log Ofr, Finance), အလှူရှင်များမှ ကိုယ်စားလှယ် (လိုအပ်ပါက)														
b. ဝယ်ယူမှုအမိန့် ဆုံးဖြတ်ခြင်း									√				√		
c. ကုန်ပစ္စည်းလက်ခံခြင်း									√						√
d. FCS အပါအဝင် ငွေတောင်းခံလွှာများ လက်ခံခြင်း နှင့် စစ်ဆေးခြင်း								√					√	√	√
a. ငွေတောင်းခံလွှာများ ပေးချေရန် အတည်ပြုခြင်း	√	√	√	√	√				√		√	√			
e. ငွေပေးချေရန် အတည်ပြုခြင်း				√	√				√		√	√			
<u>ဘဏ်ပေးချေမှုများ</u>															
a. ဝယ်ယူမှုအမိန့်နှင့် မှတ်တမ်းများကိုက်ညီမှု ရှိ-မရှိ စစ်ဆေးခြင်း/တိုက်ဆိုင်ခြင်း								√					√	√	
b. ငွေပေးချေမှု လုပ်ဆောင်ခြင်း							√						√	√	
c. ချက်များ/အီလက်ထရွန်နစ် ပေးချေမှုအတွက် ပြင်ဆင်ခြင်း							√	√					√	√	
d. ချက်နှင့် မှတ်တမ်းများ စစ်ဆေးခြင်း				√	√							√			
e. ချက်များ လက်မှတ်ထိုးခြင်း (စီမံခန့်ခွဲမှုမှ တာဝန်ပေးသူ)						√									
<u>လစာများ</u>															
a. လစာများ ပြင်ဆင်ခြင်း										√				√	
b. လစာများ စိစစ်ခြင်း/ခွင့်ပြုပေးခြင်း	√			√	√						√				
c. အထွေထွေလယ်ဂျာတွင် လစာများ မှတ်တမ်းတင်ခြင်း							√	√						√	
d. လစာ လွှဲပြောင်းမှုများ ပြင်ဆင်ခြင်း					√		√	√						√	
<u>ဘဏ်နှင့်ဆောင်ရွက်မှု</u>															
a. ဘဏ်လွှဲပြောင်းမှုများ လက်မှတ်ရေးထိုးခြင်း						√									
b. ဘဏ်စရင်းများ ညှိနှိုင်းစရင်းရှင်းခြင်း							√						√	√	
d. ဘဏ်စရင်းရှင်းမှု စိစစ်ခြင်း/အတည်ပြုခြင်း				√	√							√			
e. အသေးသုံးငွေ ထိန်းသိမ်းခြင်း							√						√	√	

ငွေလွှဲပြောင်းမှုများ မှတ်တမ်းတင်ခြင်း														
a. ဂျာနယ်သွင်းရန် ပြင်ဆင်ခြင်း						√	√					√	√	
b. ဂျာနယ်သွင်းမှုများကို အတည်ပြုခြင်း			√	√							√			
d. စာရင်းကိုင်မှတ်တမ်းများ ထိန်းသိမ်းထားခြင်း (အထွေထွေလယ်ဂျာ.. စသည်)			√	√		√	√					√	√	
e. ဘဏ္ဍာရေးအစီရင်ခံစာများ ပြင်ဆင်ခြင်း			√	√			√					√	√	
f. ဘဏ္ဍာရေးအစီရင်ခံစာများ စိစစ်ခြင်း/အတည်ပြုခြင်း	√		√											
မရွှေ့ပြောင်းပိုင်ဆိုင်မှုများ (60,000 ဘတ်နှင့်အထက်) နှင့် ပိုင်ဆိုင်မှု (15,000 ဘတ်အထက်နှင့် 60,000 ဘတ် အောက်)														
a. မရွှေ့ပြောင်းပိုင်ဆိုင်မှုများ ထိန်းသိမ်းခြင်း						တာဝန်ချထားသည့် ဝန်ထမ်း								
b. မရွှေ့ပြောင်းပိုင်ဆိုင်မှုများ QB တွင်ထည့်သွင်းခြင်း				√			√							
c. မရွှေ့ပြောင်းပိုင်ဆိုင်မှုများ QB မှတ်တမ်းများ ထိန်းသိမ်းခြင်း				√			√							
d. ပိုင်ဆိုင်မှုမှတ်တမ်းများ ထိန်းသိမ်းခြင်း- Excel (15,000–59,999 ဘတ်) [IT ပိုင်ဆိုင်မှုများကို IT အဖွဲ့က ထိန်းသိမ်းသည်]						√						√	√	
e. ပိုင်ဆိုင်မှုများ ထိန်းသိမ်းခြင်းနှင့် ဝန်ဆောင်မှုများ (အာမခံများ အပါအဝင်)								√		√		√	√	
မှတ်တမ်းများ ရယူနိုင်မှု														
a. ဘဏ္ဍာရေးမှတ်တမ်းများ/ဖိုင်များ	√			√	√		√	√	√			√	√	√	
b. ပုဂ္ဂိုလ်ရေးဖိုင်များ	√									√	√			√	
c. လစာဖိုင်များ	√			√	√		√	√		√	√			√	
d. အထွေထွေလယ်ဂျာ/ဆပ် လယ်ဂျာများ				√	√		√	√	√				√	√	
e. ဘဏ္ဍာရေး ဖော်ပြချက်များ	√			√	√		√	√	√				√	√	

APPENDIX B: SHARED PROGRAMME COSTS • နောက်ဆက်တွဲ ခ။ မျှဝေသော အစီအစဉ် ကုန်ကျစရိတ်များ

Overview	အထွေထွေ
All of the costs of the TBC operations are set out in an annual budget approved by the Board. Wherever possible, reasonable and justifiable, these costs are recognised as being incurred in support of the TBC operational costs to run its offices located in Bangkok, along the Thai/Myanmar border and within Myanmar as well as for project implementation funded by donors.	TBC လုပ်ငန်းများအတွက် ကုန်ကျစရိတ်များအားလုံးကို နှစ်စဉ်ဘတ်ဂျက်တွင် ရေးဆွဲထား၍ ဘုတ်အဖွဲ့ကအတည်ပြုသည်။ ဖြစ်နိုင်ပါက ကျိုးကြောင်းဆီလျော်သည့် ဤကုန်ကျစရိတ်များကို TBC အဖွဲ့ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပံ့ပိုးသည့် ကုန်ကျစရိတ်များဟု မှတ်ယူရမည်ဖြစ်ပြီး၊ ဘန်ကောက်ရုံး၊ ထိုင်း/မြန်မာနယ်စပ်တလျှောက် ရုံးများ၊ မြန်မာနိုင်ငံရှိရုံးများ နှင့် အလှူရှင်များက အကောင်အထည်ဖော်ကြသည့် စီမံချက်များ ပါဝင်သည်။

The following policy is explained to:

- meet donor requirements for justification and verification of support costs
- assure that adequate recovery of support costs is applied

TBC ensures that the allocation of support costs is allowable and fair with the benefits that each project receives and that each will provide sufficient information to meet donor audit requirements.

ဤမူဝါဒကို ရှင်းပြရာတွင်

- အလှူရှင်၏ လိုအပ်ချက်များကို ကျိုးကြောင်းဆီလျော်ရှင်းပြနိုင်ခြင်း နှင့် ပံ့ပိုးမှု ကုန်ကျစရိတ်များအဖြစ် ရှင်းလင်းစွာ ဖော်ပြနိုင်ခြင်း
- ပံ့ပိုးမှု ကုန်ကျစရိတ်များကို အသုံးပြုရာ၌ လုံလောက်စွာ ပြန်ရနိုင်စေမည်ဟု အာမခံနိုင်ခြင်း တို့ ဖြစ်သည်။

TBC အဖွဲ့က ပံ့ပိုးမှုကုန်ကျစရိတ်များကို ခွဲဝေ ခွင့်ပြုပေးရမည်ဟု သေချာအာမခံနိုင်ပြီး၊ စီမံချက်တစ်ခုတိုင်းက ရရှိသည့် အကျိုးကျေးဇူးများနှင့် ချိန်ကြည့်လျှင် မျှတရမည်။ ပံ့ပိုးမှုတစ်ခုချင်းစီသည်လည်း အလှူရှင်များနှင့် စာရင်းစစ်လိုအပ်ချက် များအတွက် လုံလောက်သည့် သတင်းအချက်အလက်များ ပေးစွမ်းနိုင်ရမည် ဖြစ်သည်။

Policy

မူဝါဒ

All reasonable and justifiable operating costs will be allocated to the individual contracted projects as directly attributable. Operating costs not directly attributable to a specific project will be financed by TBC unrestricted funds.

ကျိုးကြောင်းဆီလျော်သော၊ မျှတသော လုပ်ငန်းလည်ပတ်မှု အသုံးစရိတ်များ အားလုံးကို စာချုပ်ချုပ်ဆိုထားသည့် စီမံချက် တစ်ခုချင်းစီထံသို့ တိုက်ရိုက် တာဝန်ပေး၍ ခွဲဝေချပေးသည်။ လုပ်ငန်းလည်ပတ်မှု အသုံးစရိတ်များသည် တိကျသည့်စီမံ ချက်တစ်ခုအတွက် ရည်ရွယ်ထားခြင်း မဟုတ်လျှင် TBC ၏ ကန့်သတ်မှုမထားရှိသည့် ရန်ပုံငွေမှနေ၍ ထောက်ပံ့မည်။

- **Directly Attributable Expenses** are those that can be verified as reasonable and justifiable expenditure against an approved budget line and will often include salaries of project staff. Direct expenses also include office expenses incurred in the implementation of the project such as rental expenses, repairs and maintenance, vehicle fuel and other running costs such as utilities.
- **တိုက်ရိုက်တာဝန်ပေးသည့် အသုံးစရိတ်များ** သည် အတည်ပြုထားသည့် ဘတ်ဂျက်လိုင်းမှနေ၍ စစ်ဆေး၍ဖြစ်နိုင်သော၊ ကျိုးကြောင်းဆီလျော်သည့်၊ ဆုံးဖြတ်နိုင်သည့် အသုံးစရိတ်များ ဖြစ်သည်။ များသောအားဖြင့် စီမံချက်ဝန်ထမ်းများ၏ လစာအဖြစ် ဖော်ပြပါရှိသည်။ တိုက်ရိုက်ကုန်ကျစရိတ်များတွင် စီမံချက်အကောင်အထည်ဖော်မှုအတွက် ကျသင့်သော တိုက်ရိုက်အသုံးစရိတ်များ ဖြစ်သည်။ ယင်းတို့တွင် ရုံးငှားရမ်းစရိတ်၊ ပြင်ဆင်ထိန်းသိမ်းမှု၊ ယာဉ်လောင်စာဆီ နှင့် ရေမီး စသည့်ရုံးလည်ပတ်စရိတ်များ ပါဝင်သည်။
- **Un-allocable Expenses** are those that cannot be verified as being reasonably or justifiably charged against an approved budget such as Fundraising, BOD meetings and similar, general working hours of support staff and costs that are specifically excluded from agreed donor guidelines.
- **သတ်မှတ်မထားသည့် အသုံးစရိတ်များ (Un-allocable Expenses)** မှာ အတည်ပြုထားသော ဘတ်ဂျက်များကဲ့သို့ ကျ သင့်၍ မဖြစ်နိုင်ပါ။ ကျိုးကြောင်းဆီလျော်မှု ရှိစွာ စိစစ်၍ မဖြစ်နိုင်ပါ။ ဥပမာအားဖြင့် ရန်ပုံငွေရှာဖွေခြင်း၊ ဒါရိုက်တာ ဘုတ်အဖွဲ့ အစည်းအဝေးများနှင့် အလားတူများ၊ ပံ့ပိုးသော ဝန်ထမ်းများ၏ အထွေထွေအလုပ်နာရီများနှင့် အလှူရှင် လမ်းညွှန်မှုများတွင် သဘောတူညီမှုများမှ သီးခြားဖယ်ချန်ထားသည့် ကုန်ကျစရိတ်များ ဖြစ်ကြသည်။
- **Shared Program Costs (SPC)** are expenses that can be verified as having been reasonably and necessarily incurred by the TBC office from its approved annual budget to maintain its capacity to implement individual projects. Costs can include rentals, vehicle operating costs, supplies, and salaries and benefits for support-related positions such as HR, Finance, Procurement, and Senior Management.
- **မျှဝေ အစီအစဉ် ကုန်ကျစရိတ်များ (SPC)** သည် စစ်ဆေး၍ဖြစ်နိုင်သော၊ ကျိုးကြောင်းဆီလျော်သည့်၊ TBC ရုံးများတွင် အတည်ပြုထားသည့် ဘတ်ဂျက်လိုင်းမှနေ၍ လိုအပ်စွာကျခံသုံးစွဲရသော၊ စီမံချက်တစ်ခုချင်းစီကို အကောင်အထည် ဖော်ရန် ထိန်းသိမ်းထားရသည့် စွမ်းရည်ဆိုင်ရာ အသုံးစရိတ်များ ဖြစ်သည်။ ယင်းကုန်ကျစရိတ်များတွင် ငှားရမ်းခများ၊ ယာဉ်အသုံးပြုမှု စရိတ်များ၊ ထောက်ပံ့ပစ္စည်းများ နှင့် လစာများ၊ ပံ့ပိုးမှုဆိုင်ရာ ရာထူးနေရာများ၏ ခံစားခွင့်များ ပါဝင် သည်။ ဥပမာအားဖြင့် HR၊ ဘဏ္ဍာရေး၊ ဝယ်ယူရေး နှင့် အဆင့်မြင့်စီမံ အရာရှိများ ပါဝင်သည်။
- SPC costs do not pertain to ICR, NICRA, or any percentage (%) of the Management costs or Overhead often calculated as a subtotal of a budget.
- SPC ကုန်ကျစရိတ်များတွင် ICR, NICRA, သို့မဟုတ် စီမံခန့်ခွဲမှု ကုန်ကျစရိတ်၏ ရာခိုင်နှုန်းများ သို့မဟုတ် ဘတ်ဂျက်၏ ခေါင်းစဉ်ခွဲအဖြစ် တွက်ချက်ထားသည့် စီမံခန့်ခွဲမှုစရိတ်များ (Overhead) ပါဝင်မှု မရှိပါ။

Procedures for allocation of Shared Programme-related costs	**မျှဝေသည့် အစီအစဉ်များနှင့် သက်ဆိုင်သည့်ကုန်ကျစရိတ်များ ခွဲဝေမှုနှင့် ပတ်သက်၍ လုပ်ငန်းစဉ်များ**
1. Budget lines related to Shared Programme costs are closely monitored to avoid overspending and remain within donor compliance requirements including flexibility of budget line over/under spending. 2. Project/programme-related staff costs are charged directly to projects budgets and often shared depending on the estimated amount of time each person works directly on the specific project normally stipulated in the budget proposal and project plan. 3. Management and support-related staff costs that are not directly charged to a project are paid for with TBC unrestricted funds. 4. Field office operations expenses are allocated directly to projects depending on which budgets are supporting the specific location and activities. 5. Such costs are allocated directly at the source and any that are not will be appropriately allocated by the Bangkok finance team in agreement with programme-related staff. Costs not deemed directly allocable to a project will be borne with TBC unrestricted funds.	၁။ မျှဝေ အစီအစဉ်များနှင့် ပတ်သက်သည့် ကုန်ကျစရိတ် ဘတ်ဂျက်လိုင်းများကို အပိုသုံးစွဲမှု မဖြစ်စေရန် နှင့် အလှူရှင်၏ လိုအပ်မှုအတိုင်း လိုက်နာဆောင်ရွက်စေရန် အနီးကပ် စောင့်ကြည့်မှုပြုသည်။ ယင်းတွင် အသုံးစရိတ်အပေါ် ပို၍သုံးမှု/ လျော့၍သုံးမှု ဘတ်ဂျက်ခေါင်းစဉ်၏ ပြောင်းလွယ်ပြင်လွယ်ဖြစ်မှု အပါအဝင်ဖြစ်သည်။ ၂။ စီမံချက်/အစီအစဉ်နှင့် သက်ဆိုင်သော ဝန်ထမ်းကုန်ကျစရိတ်များကို စီမံချက်ဘတ်ဂျက်သို့ တိုက်ရိုက်ကျခံစေရန် ဖြစ်ပြီး၊ များသောအားဖြင့် လူတစ်ဦးချင်းက သူတို့တိုက်ရိုက် သက်ဆိုင်သည့် စီမံချက်အတွက် အလုပ်ချိန် ခန့်မှန်းအပေါ်မူတည်၍ မျှဝေကျခံသည်။ ယင်းကို ပုံမှန်အားဖြင့် ဘတ်ဂျက်အဆိုပြုလွှာနှင့် စီမံချက် အစီအစဉ် (project plan) တွင် ပြဋ္ဌာန်းထား သည်။ ၃။ စီမံခန့်ခွဲမှုအဖွဲ့နှင့် ပုံပိုးမှုနှင့်ဆိုင်သော ဝန်ထမ်းများ၏ ကုန်ကျစရိတ်များကို စီမံချက်တစ်ခုအတွက် တိုက်ရိုက်ကျသင့်စေ ၍ မရပါ။ TBC ၏ ကန့်သတ်မှုမထားသည့် ရန်ပုံငွေမှ ပေးချေရမည်။ ၄။ ကွင်းဆင်းရုံးများ လုပ်ငန်းလည်ပတ်မှု အသုံးစရိတ်များကို စီမံချက်များသို့၊ မည်သည့်ဘတ်ဂျက်က မည်သည့်တိကျသည့် နေရာကို ပုံပိုးမှုပြုနေသနည်း၊ မည်သည့်လှုပ်ရှားမှုကို ထောက်ပံ့ပေးနေသနည်းဟူသည်နှင့် သက်ဆိုင်ပြီး၊ တိုက်ရိုက်ကျ သင့်ခံ သုံးစွဲနိုင်သည်။ ၅။ ယင်းကုန်ကျစရိတ်များကို ရင်းမြစ်မှန်ကန်၍ တိုက်ရိုက် ခွဲဝေကျသင့်စေပြီး၊ မပါဝင်နေသည့် စရိတ်များကို ဘန်ကောက် ဘဏ္ဍာရေးအဖွဲ့ထံမှ အစီအစဉ်နှင့်သက်ဆိုင်သည့် ဝန်ထမ်းများအတွက် သဘောတူညီမှုအရ သင့်လျော်စွာ ခွဲဝေကျခံ စေသည်။ စီမံချက်နှင့်ပတ်သက်၍ တိုက်ရိုက်ခွဲဝေ ကျခံမှုမရှိသော ကုန်ကျစရိတ်များကို TBC ၏ ကန့်သတ်ထားမှု မရှိ သည့် ရန်ပုံငွေများမှ ကျခံစေသည်။
Staff Costs allocation	**ဝန်ထမ်း ကုန်ကျစရိတ် ခွဲဝေချထားမှု**
1. Staff who work solely on one project should be fully funded by the donor budget supporting that project and includes support staff when possible. 2. Staff who work on multiple projects supported by multiple donors will have their costs shared amongst the relevant budgets. Costs will be allocated to the budgets available but will not exceed flexibility allowed by each of the donor rules. 3. Staff Costs for related support departments and upper management who are working for the general operations of the TBC program will charge costs directly to the project when relevant and in compliance with donor rules and budget availability. TBC will monitor charges to assure that charges do not exceed budget availability and remain within donor rules of flexibility. 4. Staff costs allocable to a project according to the TBC HR Policy, such as base salary and benefits, will be charged as per the base salary percentage where and when possible and in compliance with the donor rules and regulations.	၁။ စီမံချက်အတွက်သာ လုပ်ဆောင်သူ ဝန်ထမ်းများကို အလှူရှင်ဘတ်ဂျက်မှနေ၍ ရန်ပုံငွေအပြည့်အဝ ချပေးသင့်ပြီး၊ စီမံ ချက်အတွက် ထောက်ပံ့ပေးရန်နှင့် ဖြစ်နိုင်ပါက ဝန်ထမ်းများအတွက် ပံ့ပိုးပေးရမည်။ ၂။ စီမံချက်အများအတွက် အလုပ်လုပ်သူ ဝန်ထမ်းများကို အလှူရှင်အများထံမှ ပံ့ပိုးပေးရမည်။ သက်ဆိုင်ရာဘတ်ဂျက်များ တွင် သူတို့၏ကုန်ကျစရိတ်များကို မျှဝေပေးရမည်။ ကုန်ကျစရိတ်များကို ရရှိသည့် ဘတ်ဂျက်များထဲမှ ခွဲဝေရမည်။ သို့ သော် အလှူရှင်တစ်ဦးချင်း၏ စည်းမျဉ်းများမှ ပြောင်းလွယ်ပြင်လွယ်ရှိမှု အနေအထားထက် မကျော်လွန်စေရ။ ၃။ သက်ဆိုင်ရာ ပံ့ပိုးမှုဌာနများရှိ ဝန်ထမ်းကုန်ကျစရိတ် နှင့် TBC အစီအစဉ်အတွက် အထွေထွေ လုပ်ငန်းလည်ပတ်မှု ဆောင်ရွက်နေသော အထက် စီမံခန့်ခွဲမှုအတွက် ကုန်ကျစရိတ်များကို သက်ဆိုင်ပတ်သက်ပါက အလှူရှင်၏ ဥပဒေများ၊ ဘတ်ဂျက်ရရှိမှုအပေါ်မူတည်လိုက်နာ၍ စီမံချက်သို့ တိုက်ရိုက်ကျသင့်စေမည် ဖြစ်သည်။ TBC က ဤသို့ကျသင့်စေမှု များကို စောင့်ကြည့်လေ့လာနေမည် ဖြစ်ပြီး၊ ယင်းသို့ ကျသင့်မှုသည် ဘတ်ဂျက်ရရှိနိုင်မှုကို မကျော်လွန်စေရန်၊ အလှူရှင် ၏ ဥပဒေများ၊ စည်းမျဉ်းများကို လိုက်နာရန် ပြောင်းလွယ်ပြင်လွယ်ဖြစ်မှု ဘောင်အတွင်း၌သာ ရှိနေစေရန် ဆောင်ရွက် မည် ဖြစ်သည်။ ၄။ TBC ၏ လူသားရင်းမြစ်မူဝါဒအရ စီမံချက်တစ်ခုအတွက် ဝန်ထမ်းကုန်ကျစရိတ်များ၊ ဥပမာ-လစာ နှင့် ခံစားခွင့်များကို လစာ ရာခိုင်နှုန်းအလိုက် အခြေခံ၍ ကျသင့်စေရမည်။ ဖြစ်နိုင်ပါက အလှူရှင်၏ ဥပဒေများ၊ စည်းမျဉ်းများကို လိုက်နာရ မည်။
Operating Expenses	**လုပ်ငန်းလည်ပတ်မှု အသုံးစရိတ်များ**
Where multiple projects are implemented in the field offices, costs will be directly charged to projects whenever possible and justifiable. Costs include rent, water, electricity, office supplies, internet,	ကွင်းဆင်းရုံးများတွင် စီမံချက်အများကို အကောင်အထည်ဖော်သည့်အခါ ကုန်ကျစရိတ်များကို စီမံချက်အတွက် ဖြစ်နိုင်ပါက နှင့် ကျိုးကြောင်းဆီလျော်ပါက တိုက်ရိုက်ကျသင့်စေသည်။ ကုန်ကျစရိတ်များတွင် အိမ်ငှား၊ ရေလျှပ်စစ်အသုံးစရိတ်များ၊ ရုံးပစ္စည်းများ၊ အင်တာနက်၊ ဆက်သွယ်ရေး၊ ပြုပြင်ထိန်းသိမ်းစရိတ် နှင့်

communications, maintenance and other running costs. Costs that cannot be justifiably charged to a donor budget will be borne with TBC unrestricted funds.	လည်ပတ်စရိတ်များ ပါဝင်သည်။ ကုန်ကျစရိတ်များ ကို အလှူရှင်၏ ဘတ်ဂျက်သို့ ကျခံစေရန် ကျိုးကြောင်းမသင့်ပါ။ TBC ၏ ကန့်သတ်မှုရှိမထားသည့် ရန်ပုံငွေများသို့သာ ကျသင့်စေရမည်။
BUDGETING FOR SHARED PROGRAM COSTS	**မျှဝေသည့် အစီအစဉ် ကုန်ကျစရိတ်များအတွက် ဘတ်ဂျက်ရေးဆွဲခြင်း**
Budgets are prepared and submitted to donors and will include shared programme costs that are estimates of non-direct-type inputs that would be required and relevant to support the activities within the proposal.	ဘတ်ဂျက်များ ပြင်ဆင်ရေးဆွဲ၍ အလှူရှင်များသို့ တင်ပြရာတွင် မျှဝေသည့်အစီအစဉ်များအတွက် ကုန်ကျစရိတ်များလည်း ပါဝင်သည်။ ယင်းမှာ တိုက်ရိုက်မဟုတ်သည့် ထည့်သွင်းမှု ခန့်မှန်းချက်များဖြစ်ပြီး၊ အဆိုပြုလွှာအတွင်းပါဝင်သည့် လှုပ်ရှားမှု များကို ပံ့ပိုးနိုင်ရန် လိုအပ်သည့်၊ သက်ဆိုင်သည့် ပံ့ပိုးမှုများ ဖြစ်သည်။
RESPONSIBLE PERSONNEL (ADDED JAN 2024) The TBC ED, SMT, FD, and SFM are responsible for managing overhead/SPC and assuring that TBC's costs are financed by donors. Upon this guidance, the FD and SFM are primarily responsible for allocating relevant expenditure to donors based on eligibility and predetermined agreements. The FD and SFM will refer to the ED, SMT, or donor, for any questionable expenditure before allocating to a donor.	တာဝန်ရှိပုဂ္ဂိုလ်များ **(ADDED JAN 2024)** TBC ED, SMT, FD နှင့် SFM တို့သည် TBC၏အထွေထွေအသုံးစရိတ်များကို အလှူရှင်များထံမှာပြန်လည်တောင်းခံနိုင်ရန်သေချာစီမံခန့်ခွဲမည်။ ဤလမ်းညွှန်မှုနှင့်ပတ်သက်၍ FD နှင့် SFMတို့သည် သက်ဆိုင်ရာ အသုံးစရိတ်များကို သင့်လျော်၍ကြိုတင်တိုင်ပင်ညှိနှိုင်းချက်နှင့်အညီ အလှူရှင်များအကြား ခွဲဝေရန်တာဝန်ရှိသည်။ FD နှင့် SFM တို့သည် မသေကွဲသောအသုံးစရိတ်များကို ခွဲဝေရန် ED, SMT သို့မဟုတ် အလှူရှင်များနှင့်မေးမြန်းဆွေးနွေးမည်။

APPENDIX C: DONOR REPORTING AND FX RATES

With the following policy and procedures.

Control: To ensure that financial reporting fulfils donor requirements, reflect the accuracy of funds TBC receives, and converts into the local currencies, especially those that are received in installments.

Principles:

1. Expenditure reporting is transparent, accurate and consistent.
2. Manage and minimize exchange fluctuations.
3. Report back to the donor the equivalent amount received in local currency.

Because TBC's accounting systems is based in Thai Baht, Thai baht expenses which have been converted to foreign currencies for reporting to donors will be converted back into the donor currency by using the Monthly Average Rate (MAR) of the month relevant to the transaction date. In cases when the reporting of partners in both Thailand and Myanmar experience delays in officially accounting for the expenditure, TBC will use the posted date for reporting. This means that if a transaction has an actual date of March but is only received, reviewed, and posted in August, TBC will use the August MAR for that transaction. We specially note that many partners are working in challenging contexts, so they are not always able to report to TBC at regular times.

The reference for the MAR will be obtained from the www.bot.or.th (Bank of Thailand Effective February 2024, For MMK to THB or USD or vice versa, the previous months last posted Market Online Trading Platform RX rates https://www.cbm.gov.mm/ ,(Central Bank of Myanmar) will be used, If this is not available, TBC will use the www.bot.or.th as a backup if the CBM is not operational. MMK to all other currencies will be based on the FX rate MMK/THB for MMK related costs. This allows for consistency across reported transactions that are in like currencies and accommodates fluctuating exchange rates so that expenses are converted at accurate cost. Example: FX rate of 31 Jan 2024 will be used to convert advance to partners or expenses transacted/posted in February etc.

Partner advances in THB will be calculated based on the previous months' MAR. On reporting to the donor, the relevant monthly MAR will be applied to the transactions according to the month that they are posted.

Unrealized FX gain/loss will be calculated and properly accounted for during the life of each grant.

The following procedures will be applied:

1. The monthly average exchange rates will be downloaded from the www.bot.or.th
2. The relevant MAR will be applied to expenditure when a donor's report is due.
3. The Senior Finance Manager and Director will both confirm that correct rates have been applied when a financial report is ready to submit to the donor

နောက်ဆက်တွဲ C - အလှူရှင်ထံ အစီရင်ခံခြင်း နှင့် နိုင်ငံခြားငွေလဲနှုန်းများ (FX rates)

အောက်ဖော်ပြပါ မူဝါဒ နှင့် လုပ်ငန်းစဉ်များ

ထိန်းချုပ်မှု။ အလှူရှင်များ၏ လိုအပ်ချက်အတိုင်း ငွေကြေး အစီရင်ခံမှုကို သေချာဆောင်ရွက်နိုင်ရန်။ TBC အဖွဲ့က လက်ခံရရှိ သည့် ရန်ပုံငွေကို ထင်ဟပ်ဖော်ပြရန် နှင့် ဒေသခံငွေကြေးသို့ လဲလှယ်ရန်။ အထူးသဖြင့် အရစ်ကျလက်ခံရရှိမှုများအပေါ်တွင် ဖြစ်သည်။

အခြေခံမူများ

၁။ အသုံးစရိတ်များ အစီရင်ခံခြင်းသည် ပွင့်လင်းမြင်သာပြီး တိကျ၍ တသမတ်တည်း ဖြစ်ရမည်။

၂။ ငွေလဲလှယ်နှုန်း အတက်အကျ ရှိခြင်းများကို နည်းနိုင်သမျှနည်းနိုင်စေရန် စီမံလျော့နည်းစေရမည်။

၃။ အလှူရှင်ထံ လက်ခံရရှိသည့် ဒေသခံငွေကြေး ပမာဏအတိုင်း ညီမျှသည့်ငွေအတိုင်း ပြန်၍ အစီရင်ခံရမည်။

TBC အဖွဲ့၏ စာရင်းအင်းများကို ထိုင်းဘတ်ကို အခြေခံ၍ တွက်ချက်ရာ၊ ထိုင်းဘတ်ဖြင့် အသုံးစရိတ်များကို အလှူရှင်များထံ အစီရင်ခံ တင်ပြရန် အလှူရှင်များ၏ နိုင်ငံခြားငွေသို့ ပြန်လည်ပြောင်းလဲ တင်ပြရာတွင် ငွေလွှဲပြောင်းမှုပြုသော သက်ဆိုင်ရာ လ၏ လစဉ်ပျမ်းမျှ ငွေလဲနှုန်း (MAR) ကို အသုံးပြုသည်။ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတွင် ရှိကြသည့် မိတ်ဖက်အဖွဲ့အစည်းများ ၏ ကိစ္စများကို အစီရင်ခံတင်ပြရာတွင် တရားဝင် အသုံးစရိတ်စာရင်းတွင် နှောင့်နှေးမှုများ ကြုံတွေ့ရသည်။ TBC က အစီရင်ခံတင်ပြသည့် ရက်စွဲကို အသုံးပြုသည်။ ဆိုလိုသည်မှာ အမှန်တကယ် ငွေလွှဲပြောင်းမှုရက်စွဲသည် မတ်လတွင် ဖြစ်သော်လည်း၊ အစီရင်ခံစာကို ဩဂုတ်လတွင်မှ ရရှိ၊ စစ်ဆေး၊ တင်ပြနိုင်ပါက၊ TBC အဖွဲ့သည် ဩဂုတ်လ၏ ပျမ်းမျှ MAR ကို ယင်း ငွေလွှဲပြောင်းမှုအတွက် အသုံးပြုသည်။ မိမိတို့၏ မိတ်ဖက်အဖွဲ့အစည်းများက အလွန်ခက်ခဲ စိန်ခေါ်မှုရှိသော ဝန်းကျင်တွင် လုပ်ကိုင်နေကြရသည်ကို အသိအမှတ်ပြုထားပြီး၊ TBC အဖွဲ့ထံသို့ ပုံမှန်အချိန်များအတိုင်း အမြဲတစေ အစီရင်ခံ တင်ပြရန် မဖြစ်နိုင်ကြပါ။

လစဉ်ပျမ်းမျှ ငွေလဲနှုန်း MAR အတွက် ရည်ညွှန်းချက်ကို ထိုင်းနိုင်ငံဗဟိုဘဏ်(www.bot.or.th) တွင် ရရှိလိမ့်မည်ဖြစ်သည်။ 2024 ခုနှစ် ဖေဖော်ဝါရီလမှ စတင်၍ ၊ MMK မှ THB (သို့မဟုတ်) USD (သို့မဟုတ်) အပြန်အလှန် လုပ်ဆောင်မှုလုပ်ငန်းစဉ်များအတွင်း မြန်မာနိုင်ငံ ဗဟိုဘဏ် ဝဘ်ဆိုက်တွင် ယခင်လမှ ဖော်ပြထားသည့် နောက်ဆုံး အွန်လိုင်း ကုန်သွယ်မှု ငွေလဲနှုန်းထား(FX Market Online Trading Platform Data) ကိုအသုံးပြုမည်ဖြစ်ပါသည်။ အကယ်၍ မြန်မာနိုင်ငံ၏ဗဟိုဘဏ် မှ နိုင်ငံခြားငွေလဲနှုန်းကို မရရှိနိုင်လျှင်/CBM သည် လုပ်ငန်းလည်ပတ်ခြင်းမရှိပါလျှင် TBC သည် www.bot.or.th မှ ငွေလဲနှုန်းကို အရန်အဖြစ် အသုံးပြုမည်ဖြစ်သည်။ မြန်မာကျပ်ငွေနှင့်ဆက်စပ်သောအသုံးစရိတ်များအတွက် မြန်မာကျပ်ငွေမှ အခြားငွေကြေးအားလုံးအတွက် ပြောင်းလဲမည့်ငွေလဲနှုန်းထားသည် MMK/THB အပေါ်အခြေခံမည်ဖြစ်သည်။ ၎င်းသည် အစီရင်ခံတင်ပြထားသော ငွေပေးငွေယူလုပ်ဆောင်ချက်များ/စာရင်းသွင်းချက်များကို တိကျသောကုန်ကျစရိတ်များသို့ ပြောင်းလဲနိုင်စေရန်အတွက် အတက်အကျရှိနေသော ငွေလွှဲနှုန်းကိုတသတ်မတ်တည်းရှိစေရန် လိုက်လျောညီထွေမှုကိုဖြစ်ပေါ်စေသည်။ သို့မှသာ အသုံးစရိတ်များကို တိကျသောကုန်ကျစရိတ်များအဖြစ် ပြောင်းလဲတွက်ချက်နိုင်မည်။ ဥပမာ- မိတ်ဖက်အဖွဲ့အစည်းများသည် ဖေဖော်ဝါရီလတွင် အစီရင်ခံတင်ပြထားသော ကြိုတင်ငွေ/(သို့မဟုတ်) တင်ပြထားသော အသုံးစရိတ်များကို ၃၁ ဇန်နဝါရီလ ၂၀၂၄ တွင် ဖော်ပြထားသည့်နှုန်းဖြင့် ပြောင်းလဲရာတွင် အသုံးပြုရမည်ဖြစ်သည်။

မိတ်ဖက်အဖွဲ့အစည်းများအတွက် ကြိုတင်ငွေ(THB) များသည် ယခင်လ၏ MAR ပေါ်မူတည်၍ တွက်ချက်ရမည်။ အလှူရှင်များသို့ အစီရင်ခံတင်ပြရာတွင် သက်ဆိုင်ရာ လစဉ် MAR နှုန်း သည် ၎င်းတို့တင်ပြထားသည့် လအလိုက်စာရင်းသွင်းချက်များ/လုပ်ဆောင်ချက်များ ပြုလုပ်ရာတွင် သက်ရောက်မည်ဖြစ်သည်။

မိတ်ဖက်အဖွဲ့အစည်းများသို့ ကြိုတင်ထုတ်ပေးငွေကို ယခင်လ၏ ပျမ်းမျှငွေလဲနှုန်း (MAR) ကို အခြေပြု၍ တွက်ချက်ရမည်။ အလှူရှင်ထံ အစီရင်ခံသည့်အခါ ငွေလွှဲပြောင်းမှုများကို သူတို့တင်ပြသည့် သက်ဆိုင်သည့်လ၏ ပျမ်းမျှငွေလဲနှုန်း (MAR) ကို အသုံးပြု တွက်ချက်ရမည်။ အသုံးမပြုရသေးသည့် နိုင်ငံခြားငွေလဲမှုကြောင့် ရရှိငွေ/ ဆုံးရှုံးမှုများကို တွက်ချက်၍ ဂရန့် တခုချင်းစီ၏ စီမံချက်ကာလအတွင်း စာရင်းများ လျော်ကန်စွာ ဖြည့်သွင်းရမည်။

အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို အသုံးပြုသည်။

၁။ လစဉ် ပျမ်းမျှ ငွေလဲနှုန်းများကို www.bot.or.th မှ ဒေါင်းလုပ်လုပ်ထားရမည်။

၂။ သက်ဆိုင်သည့် လစဉ်ပျမ်းမျှငွေလဲနှုန်း (MAR) ကို သုံး၍ အလှူရှင်၏ အစီရင်ခံစာ ရက်စွဲသင့်သည့် အသုံးစရိတ်များ အတွက် အသုံးပြုရမည်။

၃။ စီနီယာဘဏ္ဍာရေး မန်နေဂျာ နှင့် ဒါရိုက်တာ နှစ်ဦးစလုံးက မှန်ကန်သည့်ငွေလဲနှုန်းကို အသုံးပြုသည့်အတိုင်း အလှူရှင်ထံ ပြန်၍ ငွေကြေးအစီရင်ခံစာ အသင့်ဖြစ်သောအခါ အတည်ပြုပေးရမည်။

APPENDIX D: SOPS FOR TBC TRANSFERRING FUNDS WITH INFORMAL BANKING SYSTEMS

Due to the lack of confidence with the banking systems in Myanmar, TBC will periodically need to transfer funds into Myanmar by using an informal banking system, such as Hundi. Thes will typically be small amounts, and namely for payroll and other small expenditure.

The following SOPs for TBC transferring funds via hundi and other informal networks

- TBC program staff in Myanmar recommend agents in Myanmar that are trusted with a proven track record in facilitating bank to bank transfers via mobile transactions.
- TBC program staff provide relevant identification documents, such as the registered company's name, address and contact details in Myanmar and bank account details in Thailand.
- TBC's Myanmar Finance Manager check the agent is not sanctioned by the United Nations or United States government.
- Face-to-face introductions with the agent are recommended in Yangon to build trust prior to transfer of funds.
- Exchange rates and access to liquidity in Myanmar vary on a daily basis. Confirmation is generally available by late morning and transfers need to be made on the same day otherwise different conditions apply.
- International remittances are recommended to remain below USD 10,000 per transaction to avoid Central Bank of Myanmar scrutiny
- TBC staff in Myanmar contact the agent to either withdraw funds in cash or arrange for onward transfer to bank accounts registered in the Myanmar Mobile Transactions Network.
- TBC staff reconcile transfer deposit slips with cash withdrawal slips

The following SOPs for partners transfering funds via hundi networks and/or border-based currency traders:

- TBC conducts due diligence assessments of partners' organisational capacities at least every four years
- Local partners commit to manage funds with due diligence in accordance with accepted accounting procedures and to report any suspicions of fraud or corruption at the commencement of every grant via a Letter of Agreement with TBC.
- TBC partners consult with local authorities and recommend agents that are trusted with a proven track record in facilitating currency exchange and/or fund transfers.
- For emergency relief missions, the exchange rate is negotiated and incorporated into the partners proposal prior to submission to TBC.
- For longer term recovery and development projects, the exchange rate is negotiated after each instalment is received.

- Partners submit receipts from currency exchange traders and/or hundi transfers together with other supporting documents to TBC.

နောက်ဆက်တွဲ D –တရားဝင်မဟုတ်သော ဘဏ်စနစ်များဖြင့် TBC ၏ ရန်ပုံငွေလွှဲပြောင်းခြင်းလုပ်ငန်းစဉ်များ အတွက် စံထားလုပ်ငန်းစဉ်(SOPS)များ

မြန်မာနိုင်ငံရှိဘဏ်လုပ်ငန်းစနစ်များအပေါ် ယုံကြည်မှုမရှိခြင်းကြောင့် TBC သည် Hundi စနစ်ကဲ့သို့သော တရားဝင်မဟုတ်သည့်ဘဏ်လုပ်ငန်းစနစ် ကို အသုံးပြုကာ မြန်မာနိုင်ငံသို့ အခါအားလျော်စွာ ရန်ပုံငွေငွေလွှဲရန် လိုအပ်လိမ့်မည်ဖြစ်သည်။ လွှဲပြောင်းပေးမည့်ငွေပမာဏသည် ပုံမှန်အားဖြင့်အနည်းငယ်သာဖြစ်ပြီးလုပ်ခလစာနှင့် အခြားအသေးစားအသုံးစရိတ်များအတွက်သာဖြစ်ပါလိမ့်မည်။

Hundi စနစ် နှင့် တရားဝင်မဟုတ်သောကွန်ယက်များမှတစ်ဆင့် ရန်ပုံငွေလွှဲပြောင်းခြင်းဆိုင်ရာအောက်ဖော်ပြပါ လုပ်ငန်းစဉ်များ

- ဘဏ်-ဘဏ်ချင်း ချိတ်ဆက်ငွေလွှဲခြင်း (မိုဘိုင်းငွေလွှဲမှုလုပ်ဆောင်များမှတစ်ဆင့်) များပြုလုပ်ရာတွင် ယုံကြည်စိတ်ချရကြောင်း အထောက်အထားမှတ်တမ်းများရှိသော ငွေလွှဲအေးဂျင့်ကို မြန်မာနိုင်ငံ TBC စီမံကိန်းဝန်ထမ်းမှထောက်ခံတင်ပြရမည်။
- TBC စီမံကိန်းဝန်ထမ်းသည် သက်ဆိုင်ရာအထောက်အထားစာရွက်စာတမ်းများ (မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ကုမ္ပဏီ၏အမည်၊ လိပ်စာနှင့် ဆက်သွယ်ရန်အချက်အလက်များ၊ထိုင်းနိုင်ငံရှိ ဘဏ်စာရင်းစသည့် အသေးစိတ်အချက်အလက်များ) စသည်တို့ကိုပေးပို့ရမည်ဖြစ်သည်။
- ၎င်းအေးဂျင့်သည် United Nations/ US အစိုးရမှ ပိတ်ဆို့အရေးယူ ခံထားရခြင်းမရှိကြောင်း TBC ၏ Myanmar Finance Manager မှ စစ်ဆေးပါမည်။
- ရန်ပုံငွေမလွှဲပြောင်းမီငွေလွှဲလုပ်ဆောင်သည့် အေးဂျင့်(Agent) နှင့် TBC တို့အကြား ယုံကြည်မှုတည်ဆောက်ရန် ရန်ကုန်တွင် ၎င်းတို့နှစ်ဦး မျက်နှာချင်းဆိုင်တွေ့ဆုံမိတ်ဆက်ရန် အကြံပြုထားသည်။
- မြန်မာနိုင်ငံတွင် ငွေကြေးလဲလှယ်နှုန်းထားနှင့် ငွေဖြစ်လွယ်နိုင်မှုတို့သည် နေ့စဉ်နှင့်အမျှ ပြောင်းလဲနေတတ်သည်။ ငွေလဲနှုန်း(Exchange Rate) အတည်ပြုချက်ကို ယေဘူယျအားဖြင့် နံနက်နှောင်းပိုင်းတွင် ရရှိနိုင်ပြီး ထိုနေ့တွင်ပင် ငွေလွှဲပြောင်းမှုများ ပြုလုပ်ရမည်ဖြစ်သည်၊ သို့မဟုတ်ပါက ငွေကြေးလဲလှယ်ခြင်းနှုန်းထား(Exchange Rate) အပြောင်းအလဲ ဖြစ်ပေါ်နိုင်ပါသည်။
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ စီစစ်မှုများကို ရှောင်ရှားနိုင်ရန် နိုင်ငံတကာငွေလွှဲမှုများကို တစ်ကြိမ်လျှင် USD 10,000 အောက်လွှဲပြောင်းရန် အကြံပြုထားသည်။
- မြန်မာနိုင်ငံရှိ TBC ဝန်ထမ်းသည် ငွေလွှဲအေးဂျင့်ထံ ဆက်သွယ်ပြီး ငွေသားထုတ်ယူခြင်း သို့မဟုတ် Myanmar Mobile Transactions Network တွင် စာရင်းသွင်းထားသော ဘဏ်အကောင့်များသို့ ဆက်လက်လွှဲပြောင်းရန် ဆက်လက်လုပ်ဆောင်ရမည်ဖြစ်သည်။
- TBC ဝန်ထမ်းသည် လွှဲအပ်ငွေဖြတ်ပိုင်းများကို ငွေသားထုတ်ယူသည့်ဖြတ်ပိုင်းများဖြင့် ညှိနှိုင်းပေးရမည်ဖြစ်သည်။

ဟွန်ဒီကွန်ယက် (Hundi Network) ၊ နယ်စပ်အခြေပြု ငွေကြေးလဲလှယ်လုပ်ငန်း လုပ်ဆောင်သူများမှတဆင့် မိတ်ဖက်အဖွဲ့အစည်းများသို့ TBC ရန်ပုံငွေလွှဲပြောင်းခြင်းဆိုင်ရာ စံထားလုပ်ငန်းစဉ်များ

- TBC သည် မိမိ၏ မိတ်ဖက်အဖွဲ့အစည်းများ၏ အဖွဲ့အစည်းဆိုင်ရာစွမ်းဆောင်ရည်များကို လွှမ်းခြုံ အကဲဖြတ်သုံးသပ်ခြင်း (Due Diligence) များကိုအနည်းဆုံး လေးနှစ်တစ်ကြိမ်ပြုလုပ်ရမည်။
- ပြည်တွင်းမိတ်ဖက်အဖွဲ့အစည်းများသည်ငွေကြေးရန်ပုံငွေ (Fund)များကိုသတ်မှတ်ထားသောငွေစာရင်းလုပ်ထုံး လုပ်နည်းများနှင့်အညီစီမံခန့်ခွဲရန်တာဝန်ရှိသည်။ TBC နှင့် သဘောတူညီချက်စာချုပ် (Letter of Agreement) ဖြင့်စတင်ထားသော စီမံချက်တစ်ခုစတင်တိုင်း မသမာမှု (Fraud) ပြုကြောင်း (သို့မဟုတ်) အဂတိ လိုက်စားမှုဆိုင်ရာသံသယဖြစ်ဖွယ်များ/သံသယရှိမှု (Suspicions) များရှိလာပါက TBC အား အစီရင်ခံ တင်ပြရမည်။
- ငွေကြေးလဲလှယ်မှု (Currency Exchange) (သို့မဟုတ်) ရန်ပုံငွေလွှဲပြောင်းမှု (Fund Transfer) များကို လွယ်ကူချောမွေ့စေရန် TBC မိတ်ဖက်အဖွဲ့အစည်းများသည် ဒေသဆိုင်ရာအာဏာပိုင်များ၊ (ယုံကြည်စိတ်ချရကြောင်းအထောက်အထားပြနိုင်သည့်) ငွေလွှဲအေးဂျင့်များနှင့် ညှိနှိုင်းတိုင်ပင်ရမည်။
- အရေးပေါ် ကယ်ဆယ်ရေးမစ်ရှင် (Emergency Relief Missions) များအတွက် TBC သို့ မတင်ပြမီ မိတ်ဖက်များ၏အဆိုပြုလွှာများတွင် ငွေလဲနှုန်းကိုညှိနှိုင်းထည့်သွင်းထားရမည်ဖြစ်သည်။

- ရေရှည်ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအတွက် ငွေလဲနှုန်း (Exchange Rate) ကို အရစ်ကျငွေလွှဲခြင်း (Installment) တစ်ခုလက်ခံရရှိပြီးနောက် ဆွေးနွေးညှိနှိုင်းရမည်။
- မိတ်ဖက်အဖွဲ့အစည်းများသည် ငွေလဲလှယ်ရောင်းဝယ်သူများထံမှ ပြေစာ (Receipt) များ (သို့မဟုတ်) Hundi လွှဲပြောင်းပြေစာများကို အခြားသောအထောက်အထားစာရွက်စာတမ်းများနှင့်အတူ TBC သို့ ပေးပို့ရမည်။

APPENDIX E: **Support costs and Overhead Cost Budgeting & Allocation Policy and Procedures** **(ADDED JAN 2024)**

Introduction

The purpose of this policy is to outline and explain the approach that TBC uses to allocate overhead costs to donor budgets. TBC aims to ensure a fair and transparent allocation of overhead costs to donor project budgets, whilst operating within the pragmatic aspect of the organization.

Objectives

The objectives of this policy are as follows:

- To allocate overhead costs in a transparent and equitable manner.
- To ensure that costs are relative to the benefits received.
- To ensure that costs are charged by using a reasonable method.
- To support a transparent and sustainable level of decision-making within the overall financial management position.
- To charge support costs as direct costs when TBC management deems it appropriate and eligible.
- To ensure that TBC maximizes the allowable amount from donors to cover its support costs and continue as a Going Concern

Definitions

Overhead Costs: are indirect costs incurred by the organization that are not directly attributed to specific programs or projects or are not allowable as a direct cost for reasons from the donor. This includes, but is not limited to administrative expenses, support personnel and related costs, facility costs, utilities, maintenance, IT infrastructure and software, insurances, asset depreciation, and other shared expenses.

Procedures

4.1 Identification of Overhead Costs

The program and finance departments shall identify all overhead costs incurred by the organization during the budgeting period according to the definition above.

4.2 Determination of Budget Allocation

To allocate overhead costs, TBC aims to provide a reasonable and fair distribution of overhead expenses. The organization will consider the following factors as the potential allocation bases:

- Funding Amount: The proportion of funding received from each donor in relation to the total funding received. This can serve as a broad indicator of the level of support provided by each donor.
- Duration of Support: The length of time that each donor provides support to the organization. This can be used to approximate the level of ongoing commitment and engagement from each donor. Generally, the amount of support will be spread out for the duration of project without exceeding the agreed limits.

- Specific Program/Project Alignment: The extent to which each donor's funding is allocated to specific programs or projects within the organization. This can help determine the direct impact of each donor's support on specific initiatives.
- Strategic Priorities: The alignment of each donor's funding with the organization's strategic priorities. Donors whose funding aligns more closely with priority areas may be assigned a higher allocation.

When budgeting, TBC will consider factors such as simplicity and fairness to capture the underlying rationale for allocating support costs. Critical factors that add to the complexity of management are that donor agreements run on different timelines and for different lengths of times, and some donors do not permit overhead costs.

It's important to note that this approach allows for some degree of subjectivity in the allocation of overhead costs to donor budgets. The organization's senior management and finance leads will exercise its judgment in determining the appropriateness based on the available information and the desired allocation outcome.

4.3 Overhead Allocation

The finance department will determine the amount of allocation for each program or project in coordination with the respective program director. Together, they will ensure that it accurately represents the relative utilization or benefit received by each program/project, while considering the allowable budget flexibility.

4.4 Review and Adjustments

The support costs and overhead cost allocation policy will be periodically reviewed by the finance department and management to assess its effectiveness and fairness. Adjustments may be made if significant changes occur in the organization's operations, programs, or projects.

Presented below is a table that represents TBC's typical annual donor portfolio. The table serves to illustrate the inherent complexity in applying a uniform allocation methodology when trying to provide an equitable treatment across such a diverse spectrum of donors. Recognizing this complexity, TBC therefore engages with donors to define appropriate costs and budget, based on historical assumption and previously accepted practices, beforehand so that its currently methodology is understood.

Donor Type	Funding Amount	Duration	Strategic Priorities	Overhead Coverage
Small OH amount	$60,000	1 year (Oct-Sept)	IYCF	5% with some direct support
Direct support charge only	$14,000,000	1 year (July-June)	Humanitarian	No OH
Flexible OH, with little direct support	$3,000,000	1,5 years (Oct-March)	All objectives	4%
OH with some direct	$1,500,000	1 year (Feb-Jan)	All objectives	10%
Small OH amount no direct	$250,000	1 year (Jan-Dec	ER	7%

Donor Type	Funding Amount	Duration	Strategic Priorities	Overhead Coverage
No OH or Direct	$5,000	3 months (Jan-March)	Shelter	No OH

4.5 Flowchart of Allocation process



နောက်ဆက်တွဲ E – ပံ့ပိုးမှုကုန်ကျစရိတ်နှင့် အထွေထွေအသုံးစရိတ်များ ဘတ်ဂျက်ရေးဆွဲမှု နှင့် ခွဲဝေသုံးစွဲမှု မူဝါဒ နှင့် လုပ်ထုံးလုပ်နည်းများစတင်သက်ရောက်သည့် ရက်စွဲ။ ဇန်နဝါရီ ၁၊ ၂၀၂၄ ခုနှစ်။ (ADDED JAN 2024)

နိဒါန်း

ယခု မူဝါဒ၏ ရည်ရွယ်ချက်သည် အလှူရှင်များ၏ ရန်ပုံငွေများအပေါ် အသုံးပြုသောကုန်ကျစရိတ်များ (overhead costs) ကို ခွဲဝေသတ်မှတ်ရန် နှင့် ပတ်သက်၍ TBC အဖွဲ့မှ အသုံးပြုနေသည့် နည်းလမ်းကို လိုရင်းအချုပ် ဖော်ပြ၍ ရှင်းပြနိုင်ရန်ဖြစ်ပါသည်။TBC အဖွဲ့အစည်း၏ လက်တွေ့ကျသည့် မူဘောင် အတွင်းမှ လုပ်ငန်းလည်ပတ်ဆောင်ရွက်စဉ်တွင် အလှူရှင်များ၏ စီမံကိန်းများ ၊ဘတ်ဂျက်များနှင့် ပတ်သက်၍ မျှတပြီး ပွင့်လင်းမြင်သာသော အထွေထွေအသုံးစရိတ်/ကုန်ကျစရိတ်များ ခွဲဝေချထားမှုကို သေချာဆောင်ရွက်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။

ရည်ရွယ်ချက်များ

ယခုမူဝါဒ၏ ရည်ရွယ်ချက်များ/ဦးတည်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

- အသုံးပြုသောကုန်ကျစရိတ်/အထွေထွေကုန်ကျစရိတ်များကို ခွဲဝေချထားရာ၌ ပွင့်လင်းမြင်သာ၍ တန်းတူညီမျှမှုသဘောဖြင့် ဆောင်ရွက်ရန်။
- ရရှိလာသော အကျိုးကျေးဇူးများနှင့် အသုံးပြုသောကုန်ကျစရိတ်များ ဆက်စပ်ခြင်းရှိစေမှုကို သေချာစေရန် ။
- ကျိုးကြောင်းဆီလျော်သည့် နည်းလမ်းများကို အသုံးပြု၍ အသုံးစရိတ်ကုန်ကျမှုများကိုသေချာကျသင့်နိုင်စေရန်။
- ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု —အဆင့်များအားလုံးတွင် ဆုံးဖြတ်ချက်များချမှတ်ရာ၌ ပွင့်လင်းမြင်သာ၍ ရေရှည် တည်တံ့သည့် အဆင့်ကို ပံ့ပိုးကူညီပေးရန်။
- TBC အဖွဲ့၏ စီမံခန့်ခွဲမှုအဖွဲ့မှ ပံ့ပိုးကုန်ကျမှုစရိတ်များသည် သင့်တော်ပြီးအကျိုးဝင်သည်ဟုယူဆသောအခါတိုက်ရိုက်ကုန်ကျစရိတ်များအဖြစ်ကျသင့်စေရာတွင် လျော်ကန်စွာနှင့် တန်းတူညီမျှမှု ရှိစေရန်။
- TBC အဖွဲ့သည် အလှူရှင်များထံမှ ထောက်ပံ့မှုစားရိတ်များကို တတ်နိုင်သမျှ အများဆုံး ခွင့်ပြုပေးနိုင်စေရန် နှင့် ယင်း အပေါ်တွင် Going Concern အဖြစ် ဆက်လက်လုပ်ဆောင်ရန်သေချာစေရန် ။

အဓိပ္ပါယ်ဖွင့်ဆိုချက်များ

အဖွဲ့အစည်း၏တိုက်ရိုက်မဟုတ်သည့်အသုံးစရိတ်များသည်တိကျသည့်စီမံကိန်း/စီမံချက်များနှင့်တိုက်ရိုက်မသက်ဆိုင်သောစရိတ်များ (သို့မဟုတ်)အလှူရှင်ထံမှ အကြောင်းအမျိုးမျိုးကြောင့် တိုက်ရိုက်ကုန်ကျစရိတ်အဖြစ် ခွင့်မပြုသောကုန်ကျစရိတ်များ ဖြစ်သည်။ ယင်းတို့တွင် အုပ်ချုပ်ရေးဆိုင်ရာ ကုန်ကျစရိတ်များ၊ လူပုဂ္ဂိုလ်ဝန်ထမ်းဆိုင်ရာ ပံ့ပိုးမှုနှင့် သက်ဆိုင်သည့် ကုန်ကျစရိတ်များ၊ မိသားစုကုန်က စရိတ်များ၊ ထိန်းသိမ်းပြုပြင်ရေးစရိတ်များ၊ နည်းပညာ IT အခြေခံ အဆောက်အအုံနှင့် ဆော့ဖ်ဝဲများ၊ အာမခံစရိတ်များ၊ ပိုင်ဆိုင်မှုပစ္စည်း တန်ဖိုးလျှော့ခြင်းများ နှင့် အခြားမျှဝေကုန်ကျသည့် အသုံးစရိတ်များ ပါဝင်ပြဋ္ဌင်းကုန်ကျစရိတ်များကို ကန့်သတ်ထားခြင်း မရှိပါ။

လုပ်ငန်းစဉ်များ

၄.၁။ အထွေထွေအသုံးစရိတ်ကုန်ကျစားရိတ်များကို ဖော်ထုတ်သတ်မှတ်ခြင်း

ပရိဂရမ်နှင့် ဘဏ္ဍာရေးဌာနများသည် အဖွဲ့အစည်းက ကျသင့်စေမည့် အထွေထွေအသုံးစရိတ် (overhead costs) ကို ဘတ်ဂျက်ရေးဆွဲထားသည့်ကာလအတွင်း အထက်ဖော်ပြပါ အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့်အညီ ဖော်ထုတ်သတ်မှတ်မည် ဖြစ်သည်။

၄.၂။ ဘတ်ဂျက်ခွဲဝေမှုသတ်မှတ်ခြင်းအပေါ် ဆုံးဖြတ်ချက်

TBC အဖွဲ့သည် စရိတ်စကများကို ခွဲဝေသတ်မှတ်နိုင်ရန်အသုံးစရိတ်များကို ကျိုးကြောင်းဆီလျော်စေပြီး တရားမျှတစွာ ခွဲဝေပေးနိုင်ရန် ရည်ရွယ်ပါသည်။ အဖွဲ့အစည်းသည် ခွဲဝေမှုအခြေခံများအဖြစ် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားမည်ဖြစ်သည်။

- **ရန်ပုံငွေ ပမာဏ**။ စုစုပေါင်းရရှိသည့် ရန်ပုံငွေများတွင် ပါဝင်နေသည့် အလှူရှင်တဦးချင်းထံမှ ရရှိသည့် ရန်ပုံငွေ၏ အချိုးအစားသည် အလှူရှင်တဦးချင်း၏ ပံ့ပိုးမှုအဆင့်ကို ဖော်ပြသည့် ကျယ်ပြန့်သော ညွှန်းကိန်းဖြစ်ပါသည်။
- **ပံ့ပိုးမှု အချိန်ကာလ**။ အလှူရှင်တဦးချင်းမှ အဖွဲ့အစည်းသို့ ပံ့ပိုးသည့် အချိန်ကာလ အတိုင်းအတာ။ယင်းသည် အလှူရှင်တဦးချင်းစီက ကတိကဝတ်နှင့်ချိတ်ဆက်လုပ်ဆောင်မှုအဆင့်တို့ကို ခန့်မှန်းတွက်ချက်ရာတွင် သုံးနိုင်သည်။ ယေဘုယျအားဖြင့် ပံ့ပိုးသည့် ပမာဏ~~အို~~ကိုစီမံချက်လုပ်ငန်းစဉ်ကာလတွင်သဘော တူညီထားသည့် ကန့်သတ်မှုချက်များထက် မကျော်လွန်စေဘဲ ခွဲဝေဖြန့်ကျက်၍ သုံးစွဲနိုင်သည်။
- **~~တိကျသည့်~~ ပရိုဂရမ်/ ပရောဂျက်ချိန်ညှိခြင်း~~အွင့် ပါဝင်ပေါင်းစည်းမှု~~**။ အလှူရှင်တဦးချင်း၏ ရန်ပုံငွေကို အဖွဲ့အစည်းအတွင်းရှိ တိကျသည့် ပရိုဂရမ် သို့မဟုတ် ပရောဂျက်များကို ခွဲဝေဖြန့်ဖြူးပါဝင်မှု အတိုင်းအတာ။ ယင်းက တိကျသည့် လုပ်ငန်းဆောင်တာများအပေါ် အလှူရှင်တဦးချင်းစီ၏ တိုက်ရိုက်သက်ရောက်စေမှုကို ဆုံးဖြတ်ချက်ချရာတွင် အထောက်အကူ ဖြစ်စေနိုင်သည်။
- **မဟာဗျူဟာဆိုင်ရာ ဦးစားပေးမှုများ**။ အလှူရှင်တစ်ဦးစီ၏ ရန်ပုံငွေကို အဖွဲ့အစည်း၏ မဟာဗျူဟာ ဦးစားပေးများနှင့် ချိန်ညှိခြင်း။ မည်သည့်အလှူရှင်များ၏ ရန်ပုံငွေများက ဦးစားပေးလုပ်ငန်း ကဏ္ဍများတွင် ပို၍နီးစပ်စွာ ပါဝင်ပေါင်းစည်းသည်အပေါ် မူတည်၍ ပိုမိုဝေသတ်မှတ်ပေးနိုင်ပါသည်။

ဘတ်ဂျက်ရေးဆွဲသည့်အခါ TBC အဖွဲ့မှ အကြောင်းအချက်များ (factors) ကို စဉ်းစားဆုံးဖြတ်ရာ၌ ရိုးရှင်းလွယ်ကူမှု နှင့် ညီညွတ်မျှတမှုစသည့်အချက်များကို~~အို့အို~~ အခြေခံ၍ ပံ့ပိုးမှုစရိတ်များ ခွဲဝေချထားရာ၌ စဉ်းစားထားခြင်း ဖြစ်သည်။ စီမံခန့်ခွဲမှု၏ရှုပ်ထွေးမှု့ကိုပိုမိုဖြစ်စေသည့်အဓိကကျသည့် အကြောင်းအချက်များတွင်-အလှူရှင်တို့၏ သဘောတူညီချက်များသည် မတူညီသည့် အချိန်ဇယားများ မတူညီသည့်အချိန်အတိုင်းအတာများဖြင့် လုပ်ဆောင်နေကြပြီးအချို့သောအလှူရှင်များအနေဖြင့် အထွေထွေအသုံးစရိတ်များအတွက် ထည့်သွင်းခွင့်ပြုခြင်း မရှိပါ။ အရေးကြီးသည့် မှတ်ချက်ပြုရန်မှာ ဤချည်းကပ်ပုံသည် အလှူရှင်များ၏ ဘတ်ဂျက်များအပေါ် တွင်အထွေထွေအသုံးစရိတ်-(overhead costs) ခွဲဝေသတ်မှတ်ရာတွင် ပုဂ္ဂိုလ်ရေးဆန်သည့်သဘောကိုအတိုင်းအတာတစ်ခုအထိလွတ်လပ်စွာဆုံးဖြတ်ခွင့်ပြုထားသကဲ့သို့ ရှိသည်။ အဖွဲ့ အစည်း၏ စီနီယာစီမံခန့်ခွဲမှုအဖွဲ့နှင့် ဘဏ္ဍာရေးပိုင်းဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ ဆင်ခြင်တုံတရားကို ကျင့်သုံး၍ ရရှိနိုင် သမျှသော သတင်းအချက်အလက်များအပေါ်တွင် အခြေခံ၍ နှင့် ခွဲဝေချထားရာတွင် လိုလားအပ်သည့် ရလဒ်အပေါ်မူတည်၍ သင့်တင့်လျော်ကန်စွာ ဆုံးဖြတ်သွားမည် ဖြစ်သည်။

၄.၃။ အထွေထွေအသုံးစရိတ် ခွဲဝေချထားမှု

ဘဏ္ဍာရေးဌာနသည် သက်ဆိုင်ရာ ပရိုဂရမ်ဒါရိုက်တာနှင့် ညှိနှိုင်းပြီး ပရိုဂရမ် သို့မဟုတ် ပရောဂျက်တခုချင်းစီအပေါ် ခွဲဝေသတ်မှတ်မှုပမာဏများကို ဆုံးဖြတ်မည် ဖြစ်ပြီး၊ထိုသူတို့နှင့် အတူတကွ ပရိုဂရမ် သို့မဟုတ် ပရောဂျက်တခုချင်းစီ ၏ ဆက်စပ်နေသည့် အကျိုးအမြတ်ရှိစေမှုတို့ကို တိကျစွာ ကိုယ်စားပြုနိုင်ရန် သေချာဆောင်ရွက်မည် ဖြစ်သည်။ တချိန်တည်းတွင် ဘတ်ဂျက်၏ ခွင့်ပြုပေးနိုင်မှု ကိုလည်း ချင့်ချိန်စဉ်းစားမည် ဖြစ်သည်။

၄.၄။ ပြန်လည်သုံးသပ်မှု နှင့် ချိန်ညှိမှုများ

ပံ့ပိုးမှု နှင့် အထွေထွေ အသုံးစရိတ်များခွဲဝေချထားရေး မူဝါဒကို ဘဏ္ဍာရေးဌာနနှင့် စီမံခန့်ခွဲမှုအဖွဲ့တို့က ယင်း၏ ထိရောက်မှုနှင့် မျှတမှုတို့အပေါ် အချိန်နှင့်အမျှ ပြန်လည်သုံးသပ်မည် ဖြစ်သည်။ အဖွဲ့အစည်း၏ လုပ်ငန်းဆောင်တာများ၊ ပရိုဂရမ်များ သို့မဟုတ် ပရောဂျက်များတွင် သိသာထင်ရှားသည့် အပြောင်းအလဲများ ရှိပါမူ ပြန်၍ချိန်ညှိမှုများပြုမည် ဖြစ်သည်။

အောက်တွင်ဖော်ပြထားသည့် ဇယားတွင် TBC အဖွဲ့၏ နှစ်စဉ် ထုံးစံအတိုင်းဖြစ်သည့် အလှူရှင်များစာရင်းကို ကိုယ်စားပြု ဖော်ပြထားပါသည်။ ဤဇယားသည် တညီတညာတည်း ခွဲဝေသတ်မှတ်မှုနည်းနာကို အသုံးပြုပါက မူရင်းသဘောအရ ရှုပ် ထွေးပွေလီသည့် အနေအထားကို ဖော်ပြထားသည်။ မတူခြားနားသည့် အလှူရှင်အမျိုးမျိုးအကြား တူညီမျှတနိုင်စွာ ဆက် ဆံကျင့်သုံးနိုင်ရေးအတွက် ကြိုးပမ်းမှုတခု ဖြစ်သည်။ ဤသို့ ရှုပ်ထွေးသည့် သဘောသဘာဝကို အသိအမှတ်ပြု၍ TBC အဖွဲ့ က အလှူရှင်များကို ဆက်ဆံရာတွင် သင့်လျော်သည့် ကုန်ကျစားရိတ်နှင့် ဘတ်ဂျက်များကို သမိုင်းအစဉ်အဆက် ဆောင်ရွက် သည့် ယူဆချက်များနှင့် ယခင်က လက်ခံထားသည့် ကျင့်သုံးမှုတို့အပေါ် အခြေခံ၍ သတ်မှတ်ဆောင်ရွက်သည်။ ယင်းမတိုင်မီတွင် ယခုလက်ရှိ နည်းနာအပေါ် သဘောပေါက် နားလည်ထားပြီး ဖြစ်သည်။

အလှူရှင်အမျိုးအစား	ရန်ပုံငွေ ပမာဏ	အချိန်ကာလ	မဟာဗျူဟာ ဦးစားပေးမှုများ	အထွေထွေ အသုံးစရိတ် လွှမ်းခြုံမှု (Overhead)
OH ပမာဏ အနည်းငယ်	$ ၆၀,၀၀၀	၁ နှစ် (အောက်-စက်)	IYCF	၅% နှင့် အချို့တိုက်ရိုက် ထောက်ပံ့မှုများ
တိုက်ရိုက်ပံ့ပိုးမှု ကုန်ကျစရိတ်များသာ	$၁၄,၀၀၀,၀၀၀	၁ နှစ် (ဇူ-ဒွန်)	လူသားချင်းစာနာမှု	OH မရှိပါ
ပုံသေသတ်မှတ်ချက်မရှိသည့် OH, တိုက်ရိုက် ထောက်ပံ့မှု အနည်းငယ်	$၃,၀၀၀,၀၀၀	၁,၅ နှစ် (အောက်-မတ်)	ဦးတည်ချက်များ အားလုံး	၄%
OH နှင့် တိုက်ရိုက် ထောက်ပံ့မှု အနည်းငယ်	$၁,၅၀၀,၀၀၀	၁ နှစ် (ဖေ-ဇန်)	ဦးတည်ချက်များ အားလုံး	၁၀%
OH ပမာဏ အနည်းငယ်၊ တိုက်ရိုက်ကုန်ကျမှုစရိတ်မရှိ	$၂၅၀,၀၀၀	၁ နှစ် (ဇန်-ဒီ)	အရေးပေါ် ကယ်ဆယ်ရေး	၇%
OH မရှိ သို့မဟုတ် တိုက်ရိုက်	$၅,၀၀၀	၃ လ (ဇန်-မတ်)	အမိုးအကာ	OH မရှိပါ

၄။ ၅။ ခွဲဝေချထားမှု လုပ်ငန်းစဉ် စီးဆင်းပုံကားချပ်